ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
office@modnugmm.org

# ကာကွယ်ရေးစာစဉ်

တစ် လ တစ် ကြိမ် ထုတ် ဝေ သည်။
အတွဲ ၁၊ အမှတ်(၂)၊
ဒီဇင်ဘာ (၂၀)၊ ၂၀၂၄ ခုနှစ်။

## ပြည်သူကို ကာကွယ်သည့် တပ်မတော်

အမိန့်နာခံမှု၊ စည်းကမ်းလိုက်နာမှုနှင့်
ပြည့်ဝသည့် တပ်မတော်၊
နိုင်ငံတော်သစ်ကို တည်ဆောက်မည့်
တပ်မတော်။



ကာကွယ်ရေးစာစဉ်
အတွဲ ၁၊ အမှတ်(၂)

# မာတိကာ

■ အမှာစာ ၁
- ပြည်သူ့ကိုကာကွယ်မည့်တပ်မတော် - နိုင်ကောင်းရွှတ်
( ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ)

■ ကဗျာကဏ္ဍ ၂
- မေရီခေါင်နန်းသို့ လွမ်းတဲ့စာ - မင်းသွင်
- မွေးဖွားလာတဲ့နေ့ကစပြီး တို့တတွေသေဖို့ဆိုတာမေ့နေလား ရဲဘော် - လွမ်းဝေ
- မေမေ့အတွက်ကဗျာတပုဒ် - ခန့်ဝေး
- မှောက်ကျသွားတဲ့… နှစ် - ဆိုမာလီ

■ ဝတ္ထုတိုကဏ္ဍ ၆
- ကဗ္ဗည်း - မောင်သုည (ရှပ်ပုံသားလေး)
- ကြယ်စင်တို့ရဲ့အိမ်ပြန်လမ်း - မင်းသွင်

■ ဟာသကဏ္ဍ ၉
- ဩော် ဗမာ ဗမာ - လင်းထင်

■ အက်ဆေးကဏ္ဍ ၁၀
- ကျနော်တို့အကြောင်းတွေဟုတ်ပါတယ် - လူရောင်လွင်
- ဗုံးကြဲခံနေရတဲ့မြို့ကမိန်းမ - ဆောလျန်

■ စစ်လက်နက်ကဏ္ဍ ၁၄
- MA- 4 နှင့် Pading (ပဒိန်) - ရဲဘော်အာကြီး

■ ဆောင်းပါးကဏ္ဍ ၁၅
- ကိုငယ့်ထံ အိတ်ဖွင့်ပေးစာ (၁) - ကိုလတ်
- စစ်ဘက်ခေါင်းဆောင်မှု - မိုးမြင့်ကျော်
- ဒစ်ဂျစ်တယ်နည်းပညာ၊ အရင်းခေတ်နှောင်းယဉ်ကျေးမှုနဲ့
တော်လှန်ရေးကိုပြန်တောင်းဆိုလာတဲ့ ကမ္ဘာမြေ - ကျော်ဇောခိုင်
- ဒီမိုကရေစီဖက်ဒရယ်ဆိုသည်မှာ - ဇေယျာဦး

■ အင်တာဗျူးကဏ္ဍ ၃၂
- Chin National Front / Chin National Army နှင့်အင်တာဗျူး




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
office@modnugmm.org

# ကာကွယ်ရေးစာစဉ်

တစ် လ တစ် ကြိမ် ထုတ် ဝေ သည်။

## ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ သစ္စာအဓိဋ္ဌာန် (၄)ချက်

- ★ ငါတို့သည် ပြည်ထောင်စုနှင့်ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။
- ★ ငါတို့သည်ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်း အသက်ပေးသွားခဲ့ရသည့် သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။
- ★ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။
- ★ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက်ငါတို့၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။




# ပြည်သူ့ကို ကာကွယ်သည့် တပ်မတော်

ပြည်သူ့ကာကွယ်ရေးတပ်မတော်ဟာ အကြမ်းဖက်စစ်တပ်ရဲ့ အာဏာရှင်စနစ်ဆိုးကြီးကို အမြစ်ဖြတ်ချေမှုန်းဖို့ ပြည်သူမှ ပေါက်ဖွားလာတဲ့ တပ်မတော်ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့အန္တိမပန်းတိုင်ဖြစ်တဲ့ ပြည်သူလူထုကိုကာကွယ်ဖို့ အကြမ်းဖက်အုပ်စုကို တော်လှန်နေရခြင်း ဖြစ်ပါတယ်။ အကြမ်းဖက်စစ်တပ်ရဲ့ အန္တရာယ်ထဲ ကျရောက်နေတဲ့ နိုင်ငံနဲ့ ပြည်သူကို ကာကွယ်ဖို့ မိမိတို့ ပြည်သူ့ကာကွယ်ရေးတပ်မတော်သာရှိပြီး သစ္စာအဓိဋ္ဌာန် ၄ ချက်အတိုင်း ဆက်ပြီးတော်လှန်သွားဖို့ လိုပါတယ်။

**အမိန့်နာခံမှု၊ စည်းကမ်းလိုက်နာမှုနှင့် ပြည့်ဝသည့် တပ်မတော်**

ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ အုပ်ချုပ်ကွပ်ကဲမှုသည် စနစ်တကျ ဖွဲ့စည်းထားတာဖြစ်တဲ့အတွက် အမိန့်နာခံမှု၊ စည်းကမ်းလိုက်နာမှုပိုင်းမှာလည်း ပြည့်ဝမှန်ကန်ဖို့လိုပါတယ်။ မိမိတို့သည် လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့်အတွက် အမိန့်နာခံမှု၊ စည်းကမ်းပြည့်ဝခြင်းသည် အလွန်အရေးကြီးပါတယ်။ မိမိတို့သည် ပြည်သူလူထုက တပ်ဆင်ပေးတဲ့ လက်နက်ဖြင့် အကြမ်းဖက်စစ်အုပ်စုကို ခြေမှုန်းနေတဲ့ တပ်မတော်ဆိုတာ ရဲဘော်တို့ အစဉ်ထာဝရ နှလုံးသွင်းထားဖို့ လိုပါတယ်။

**နိုင်ငံတော်သစ်ကို တည်ဆောက်မည့် တပ်မတော်**

ပြည်သူ့ကာကွယ်ရေးတပ်မတော်ဟာ အာဏာရှင်ဖက်ဆစ်အုပ်စုကို အမြစ်ဖြတ်ပြီး စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုသစ်ကို တည်ထောင်နိုင်သည့်အထိ တာဝန်ထမ်းဆောင်သွားကြရမှာဖြစ်ပါတယ်။ အာဏာရှင်အကြမ်းဖက်အုပ်စုကို ခြေမှုန်းပြီး အနာဂတ်မှာ ပေါ်ထွန်းလာမည့် ဖက်ဒရယ်ပြည်ထောင်စုကြီး၏ ကာကွယ်ရေးတာဝန်သည် ရဲဘော်တို့သည်သာ ထမ်းဆောင်သွားရမှာဖြစ်တဲ့အတွက် မိမိတို့အိပ်မက်ထားသည့် မိမိလိုလားသည့် တပ်မတော်ပုံစံကို ရဲဘော်တို့ကိုယ်တိုင် ဒီနေ့ ဒီအချိန်ကနေ ကျင့်ကြံပုံဖော်သွားကြပါလို့ ပြောလိုပါတယ်။

နိုင်ကောင်းရွှတ်<br>
ပြည်ထောင်စု ဒုတိယဝန်ကြီး<br>
ကာကွယ်ရေးဝန်ကြီးဌာန<br>
အမျိုးသားညီညွတ်ရေးအစိုးရ

# ကဗျာကဏ္ဍ




## မေရီ ခေါင်နန်း သို့ လွမ်းတဲ့စာ

ငေါ့ချမ်းခမြစ်ကလေးဟာ
ဒေါသတကြီးနဲ့ စီးဆင်းနေတာကို ရပ်ပစ်လိုက်သလိုမျိုး
လှိုင်းတွေ ငြိမ်သက်သွားပုံများ (ဒါဆိုရင်)
ဆောင်းရောက်တော့မယ် မဟုတ်လား ခေါင်နန်းရေ ။

ဂမ်လန်ရာဇီ ၊ ဖီမော်၊ ထော့ဂေါ် သွားတဲ့လမ်းမှာ
တောင်ဇလပ်ပန်းတွေလည်း ရဲရဲနီ နေရောပေါ့
တိမ်တွေက အလိပ်လိုက် နှင်းတွေက အဆုပ်လိုက်
ဝဲကနဲ လွင့်နေလိုက်တော့
ဆောင်းဦးရဲ့ ဆည်းဆာ ညနေတွေပွင့်ပုံက လှတယ် ။

ရိုးသားတယ် အေးချမ်းတယ်
ဒါဏ်ရာတွေကို အံကြိတ်ပြီး အံတုနေသလိုမျိုး
တိတ်ဆိတ်တယ်
သူ့ကမ္ဘာ ကျဉ်းကျဉ်းလေးထဲမှာအလင်းရောင်ကို
လိုက်ရှာရတာကလည်း
ပရိုမီးသီးယပ်လို ဖွဲ့ကောင်းရသေးတယ်မဟုတ်လား
ခေါင်နန်းရေ ။

ရောမမြို့ကြီး မီးဟုန်းဟုန်း တောက်နေတာကို
တယောထိုး မပျက်တဲ့ နီးရိုးဘုရင်ရဲ့ သာဝကတွေ
နှင်းဖုံးတောင်တန်းကို စွန့်ခွာသွားတဲ့ နောက်တော့
လာချိဒ် ၊လော်ဝေါ် ၊လီဆူး မြေဟာ
အနာဂါတ်တွေ တောက်ပလာတော့မှာပါ။

ငေါ့ချမ်းခ ကမ်းပါးမှာ
တချိန်က လွမ်းစရာပုံပြင်တွေကို
ရယ်ရယ်မောမော ပြန်ပြောကြမယ်လေ
ခေါင်နန်းရေ မျှော်နေမယ် မဟုတ်လား ။

မင်းသွင်




## မွေးဖွားလာတဲ့နေ့ကစပြီး တို့တတွေသေဖို့ဆိုတာမေ့နေလား ရဲဘော်


စနစ်တကျဖျက်စီးခံရတဲ့ ခေတ်ကြီးမှာ
ငါတို့တတွေဟာ အသက်တွေဘဝတွေပျက်ခဲ့ရပြီ
အဓမ္မတွေဟာ ရက်စက်လွန်းတဲ့ တိုင်းပြည်မှာ
အမှန်တရားတစ်ခုအတွက်သာယာလှပတဲ့
အနာဂတ်နိုင်ငံသစ်အတွက်
ကိုယ့်အသက်ကို လောင်းကြေးထပ်ထားတဲ့
ငါလိုကောင်ကို ငါ့မိသားစုငါ့အသိုင်းဝိုင်းက
ချစ်နေကြတာဘာကြောင့်လဲ ရဲဘော်။

မသေနိုင်သေးတဲ့ ဒီဘဝမှာ
ငါတို့တတွေ အရင်ကထက်ပိုချစ်မယ်
ငါတို့တတွေ အရင်ကထက်ညီညွတ်ကြမယ်
ငါတို့တတွေ အရင်ကထက်သွေးစည်းကြမယ်
တစ်ယောက်နဲ့တစ်ယောက်နားလည်ကြမယ် ရဲဘော်။

မင်းသိလားရဲဘော်
ငါဆိုတဲ့ကောင်ဟာ အမှန်တရားအတွက်ဆို
မိုးကောင်ကင်ကြီးကို ဒူးနဲ့တိုက်ပြမယ့်ကောင်ပါ
မင်းသိလားရဲဘော်
အမှန်တရားကို မြတ်နိုးပြီး
ဟောဒီနိုင်ငံကြီး အနာဂတ်လှပစေချင်တဲ့ ငါလိုကောင်ဟာ
အဲဒီအမှန်တရားဆိုတဲ့စိတ်နဲ့ အသက်ရှင်သန်နေရခြင်းကို
စစ်သလင်းမှာ အသက်ကိုစတေးရလဲ
ငါကျေနပ်တယ် ရဲဘော်။
2024ကိုနှုတ်ဆက်ပြီး2025နွေဦးတော်လှန်ရေးအောင်ပွဲကို
ကြိုဆိုကြပါစို့

လွမ်းဝေ





## မေမေ့အတွက် ကဗျာတစ်ပုဒ်

လွန်ခဲ့တဲ့ခြောက်လလောက်က
သားအမိနှစ်ယောက် စကားပြောရင်း
"သား ဒီလမ်းကို ရွေးမိလို့ နောင်တမရဘူးလား"ဟု
မေမေကမေးသည် ။
ကျွန်တော်က "ဟင့်အင်း"ပဲ ။
"သား နောင်တရမိတာဆိုလို့ မေ့မေ့ဝမ်းဗိုက်ထဲက
ထွက်လာကတည်းက သေနတ်တန်းလန်းနဲ့
တော်လှန်ရေးသမားကလေး မဖြစ်ခဲ့တာကိုပဲ"ဟု
မေမေ့ကို ပြန်ပြောမိသည် ။
တစ်ဖက်မှရုတ်ချည်းတိတ်ဆိတ်သွား၏ ။
မေမေပျော်ရွှင်နေသည်လား ဒါမှမဟုတ်
ဝမ်းနည်းနေသည်လား။
အဝေးကြီးက စကားပြောနေရသည်မို့
မေမေ့မျက်နှာ မည်ပုံမည်သို့ဖြစ်နေမည် ကျွန်တော်မသိရ ။
မေမေ့ကိုတော့ဖြင့် ကျွန်တော်လွမ်းလှသည် ။

ခန့်ဝေး

## " မှောက်ကျသွားတဲ့... နှစ် "

ကမ္ဘာဦး စလိုက်သလိုပါပဲ.....။ ။

တိမ်လွှာတွေကြားထဲထိုးဝင်ဖူးသလို
အမှတ်တရနေ့တွေက
ဖြူဖတ်ဖြူရော်ဆိုပေမဲ့
အညိုနုရောင်နှုတ်ခမ်းတစ်စုံကိုသာ
အမေးအမြန်းမရှိ
ပြန်ပွတ်တိုက်ပစ်လိုက်ချင်.....။

ငါ့မှာဘဝတစ်ခုကိုရှာတွေ့ဖို့အရေး
အချစ် တစ်ခုကို လွှတ်ချခဲ့ရပုံများ.....။ ။

ဆိုမာလီ

# ဝတ္ထုတိုကဏ္ဍ




## ကမ္ဗည်း

"လူတယောက်ရဲ့တန်ဖိုးဟာ သူ ဖြတ်သန်းကျော်လွှားတဲ့ ခေတ်ကြီးက သူ့ပုခုံးပေါ် တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူ ဘယ်လောက် သယ်ပိုးထမ်းရွက် ခဲ့တယ် ဆိုတဲ့အချက်နဲ့ တိုင်းတာရမှာပဲ။" - ဆရာ ဗန်းမော်တင်အောင်

****

တနေ့ ရဲဘော်သစ်လေးတယောက်နှင့် ကျနော်သည် အချိန်ကလေးရတုန်း ကျဆုံးရဲဘော်များ မြှုပ်နှံထားသော သုသာန်သို့ ရောက်ဖြစ်သည်။

သုသာန်၏ နံဘေးပတ်လယ်တွင် တနေ့လုံး ရေငတ်နေရှာသော ဝါးပင် သစ်ပင်များက စိမ်းလဲ့နေသည်။ အလံနီနှင့် ကြယ်ဖြူအုတ်ဂူတချို့က ရေညှိစွဲနေကြလေ၏။ လွမ်းသူ့ပန်းခွေများမှာတော့ အရိုးတံလေးများ ဆွေးမြည့်ခံလျက် အုတ်ဂူနံဘေးတွင် အဖော်ပြုလျက်ရှိနေတော့သည်။

"ဒါ ငါတို့တော်လှန်ရေးထဲ ပေးဆပ်ခဲ့ကြတဲ့ ရဲဘော်တွေ။ တချို့လူတွေကတော့ သူတို့ကို သတိမှရကြရဲ့လား မသိပါဘူး။"

သူတို့နှစ်ယောက်က အုတ်ဂူပေါ်မှ ရဲဘော်နာမည်များ၏ ကမ္ဗည်းကို လိုက်ဖတ်နေကြသည်။

"လူငယ်တွေချည်းပဲနော် ဆရာ။"

"ဟုတ်တယ်။ ဒီလူငယ်တွေက ဘွဲ့တခုရဖို့ထက် စစ်ကျွန်အာဏာရှင်လက်အောက်က လွတ်မြောက်ဖို့ နှလုံးမူခဲ့ကြတဲ့ လူငယ်တွေ။ ဒါကြောင့် ဒါတွေကို တန်ဖိုးထားပြီး တော်လှန်ရေးကို ခံယူချက်ပြင်းပြင်းပြပြနဲ့ လုပ်ရမယ်။ တော်လှန်ရေးရဲ့ ဂုဏ်သိက္ခာကို မချိုးဖျက်မိဖို့ သတိကပ်ကြရမယ်။"

"နှမြောစရာ ကောင်းလိုက်တာဗျာ။"

ဝမ်းနည်းဟန်နှင့်ပြောသော ရဲဘော်မုန်တိုင်းသည် မှိုင်းဝေ အုံ့ဆိုင်းနေသော ကောင်းကင်ပေါ်သို့မော့ကြည့်လျက်။

"မင်းတို့လည်း သိထားရမှာက တော်လှန်ရေးသမားတယောက်ဖြစ်လာရင် ဘယ်အရာမှ အစိုးမရဘူး။ ပေးဆပ်ခံသက်သက်နဲ့ ရှင်သန်ရတဲ့ အညတရစစ်သည်တယောက် ဆိုတာပဲ။ ကိုယ့်တကိုယ်ရေ ကောင်းစားဖို့အတွက် ဘယ်တော့မှ အတ္တကို ရှေ့တန်းမတင်သင့်ဘူး။ အခုလို ပေးဆပ်ခံရဲဘော်တွေရဲ့ သွေးစက်တိုင်းကို ငါတို့ လေးစားဂုဏ်ပြုတတ်ရမယ်။"

သူတို့က ကျနော့်စကားကို အာရုံစိုက်နေကြသည်။ ရဲဘော် မုန်တိုင်းကတော့ ...

"လူငယ်တွေ ဒီလောက်ထိ ပုံစံအမျိုးမျိုး ပေးဆပ်နေကြရတာတောင် တချို့က ဘယ်လိုနှလုံးသားတွေနဲ့ လူလုပ်နေကြသလဲ မသိဘူးဗျာ။"

"မင်းပြောတာလည်း ဟုတ်တယ်။ အာဏာရှင်ကို ဖင်မိုးကြီးထောင် ရှိခိုးချင်ကြတဲ့လူတွေ အခုချိန်ထိ ငါတို့တွေ့နေရတုန်းပဲ။"

"ကျနော်ကတော့ လက်အုပ်ချီပြီး ရှိ့ကျိုးပေးတဲ့ လက်ထက် တရားအတွက် ခါးဆွဲတဲ့လက်ကိုပဲ ရွေးချယ်ပြီး နှုတ်ဆက်ချင်တယ်။"

ကျနော်မှာ လူငယ်သလောက် အမှန်တရားကို ချစ်တတ်သော ရဲဘော်မုန်တိုင်းကိုကြည့်ပြီး မိမိ အနာဂတ်နိုင်ငံတော်အတွက် စိတ်ချရဖို့ မျှော်လင့်ချက် ရောင်ခြည်တပေါက် တွေ့ရ

ပြီဟု ကျေနပ် နှစ်ခြိုက်နေမိသည်။

"အေးကွာ ပြောသာပြောရတာ၊ လူတွေဟာ ပန်းဆိုရင် အလှဆုံးပန်းကိုမှ ရွေးချယ်ပန်ချင်ကြတယ်။ အပင်စည်လှအောင် ပန်းပွင့်တွေ ဝေဆာအောင်တော့ ဘယ်သူမှ ပေါင်းမသင်ချင်ကြဘူး။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် လူတွေမှာ ရှင်သန်ပြီးရင် သေဆုံးခြင်းဆိုတဲ့ ဖြတ်သန်းကျော်လွှားမှုတွေမှာ ကမ္ပည်းသမိုင်းမှတ်တိုင်ဆိုတာ လူတိုင်းလူတိုင်း ထားရစ်ကြရမှာပဲ။ ကိုယ်ထားရစ်ခဲ့တဲ့ သမိုင်းလှရင် ကိုယ့်ကမ္ပည်းဆိုတာ ထာဝ ရရှင်သန်နေမှာပါ။ ဆရာဇန်းမော်တင်အောင် ပြောသလိုပေါ့။ လူတယောက်ရဲ့တန်ဖိုးဟာ သူ ဖြတ်သန်းကျော်လွှားတဲ့ ခေတ်ကြီးက သူ့ပုခုံးပေါ် တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူ ဘယ်လောက်သယ်ပိုး ထမ်းရွက်ခဲ့တယ် ဆိုတဲ့အချက်နဲ့ တိုင်းတာရမှာပဲ။"

ကျနော့်စကားအဆုံးတွင် ရဲဘော်မုန်တိုင်းနှင့် ရဲဘော်ချမ်းမြေ့တို့သည် ကျဆုံးရဲဘော်များကို အလေးပြုနေကြသည်။ ကျနော်လည်း အလေးပြုမိ၏။

အုတ်ဂူပေါ်က ကမ္ပည်းများသည်လည်း ကျဆုံးသွားသော ရဲဘော်နာမည်များနှင့် ကြယ်ဖြူနှင့်အလံနီသည် တောအုပ်စိမ်းစိမ်းကြား အထီးကျန် တိတ်ဆိတ်၍ ဂုဏ်တင့်တယ်နေတော့သည်။

ထို့နောက် ကျနော်သည် ရဲဘော်နှစ်ယောက်အား ဆက်ပြောသည်။

"ဆရာမြသန်းတင့်က ပြောဖူးတယ်။ လူတွေဟာ တန်ခိုးအာဏာကြောင့်ဖြစ်စေ၊ ခွန်အားကြောင့်ဖြစ်စေ ၊ ကိုယ်က အပေါ်စီးကရတဲ့အချိန် လူ့နှလုံးသားမှာ အကြင်နာတရား ပျောက်သွားတတ်တယ်တဲ့။ ဒါကြောင့် အာဏာရှင်ကို အမြစ်ဖြတ်ချေမှုန်တဲ့ နွေဦးတိုက်ပွဲမှာ ကိုယ်ကိုယ်တိုင် အာဏာရှင်မဆန်ဖို့ အရေးကြီးတယ်။ ဒီတော်လှန်ရေးဟာ ငါတို့တမျိုးသားလုံးရဲ့ ဂုဏ်သိက္ခာပွဲဖြစ်တယ်။"

"ဒီဂုဏ်သိက္ခာပွဲမှာ မင်းတို့တွေဟာ လူဆန်ကြောင်း လူပီသကြောင်း ပြရမယ်။ ဒီတော်လှန်ရေးအပေါ်မှာလည်း မရိုးမသားမလုပ်ကြနဲ့။ ဒီတော်လှန်ရေးမှာ အသက်ပေး ပါဝင်ခွင့်ရတဲ့ ခေတ်ကြီးထဲမှာ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူတတ်ပါစေကွာ။ လက်နက်အားကိုးနဲ့ အောက်ခြေမလွတ်မိကြနဲ့။ သေနတ်ဆိုတာ ရန်သူအတွက်ပဲဖြစ်တယ်။ အေး ... ဒီလိုမှမဟုတ်ဘဲ ပြည်သူဘက် သေနတ်ပြောင်းလှည့်လာရင် ပြည်သူရဲ့ဒဏ်ခတ်မှုကို မင်းတို့ခံစားရလိမ့်မယ်။"

ရဲဘော်သစ် နှစ်ယောက်လုံး၏ မျက်ဝန်းထဲတွင် ဇာတိမာန်သွေးများ နိုးကြွနေသည်ကို မြင်ရသည်။

သည်လိုနှင့် ကျနော်တို့သည် ကြယ်ဖြူနှင့်အုတ်ဂူကို ကျောခိုင်းခဲ့ပြီး ထွက်လာလိုက်သည်။

"ငါ့ညီတို့ မင်းတို့နှလုံးသားတွေ ဖြူဖြူစင်စင်ရှိပါစေ။ မင်းတို့နှလုံးသားက မဖြူစင်ရင် နောက်တချိန် ဒီလို နွေဦးသူရဲကောင်း ကမ္ပည်းကိုတွေ့တိုင်း မင်းတို့သိက္ခာက မင်းတို့ကို ကြိုးကွင်းစွပ်လိမ့်မယ်နော်။ ဒီလိုပဲ ဒီတော်လှန်ရေးမှာ ကိုယ်နဲ့မဆိုင်သလို နေကြတဲ့လူတွေဘဝလည်း နေရာတိုင်းမှာ သမိုင်းတွင်မယ့် နွေဦးသူရဲကောင်း ကမ္ပည်းကိုတွေ့တိုင်း နောင်တတွေရကြလိမ့်မယ်။"

ကျနော်က ထိုသို့ပြောရင်းပင် ထူးဆန်းသော ခံစားချက်တခုက သွေးကြောထဲ စိမ့်ဝင်လာသည်။

"ဟုတ်ကဲ့ဆရာ၊ ဆရာလက်ပံပြောသလို ကျနော်တို့လိပ်ပြာလုံမှ မှုမှန်မယ်။ သိက္ခာလုံမှန် လူဆန်တယ်ဆိုတဲ့ စကားကို ကျနော်တို့ဝတ်ထားတဲ့ ယူနီဖောင်းဝတ်စုံလို အမြဲဝတ်ထားမှာပါ။ ဒီပွဲမှာ ကျနော်တို့သေရင် ကျနော်တို့ကို ဝမ်းနည်းပေးတာထက် ဒီပြည်သူ့တော်လှန်ရေးနဲ့ ဒီနိုင်ငံအပေါ် ကျန်ရစ်သူများရဲ့ သွေးသစ္စာကို သစ္စာစောင့်သိပေးဖို့ပဲ ကျနော်မျှော်လင့်ပါတယ်။"

ရဲဘော်မုန်တိုင်းဖြစ်သည်။ သူ့စကားလုံးများက တော်လှန်ရေးအပေါ်ထားသော သူ့ခံယူချက်ကို သိသာစွာမြင်နေရ၏။

အသက်အားဖြင့် ငယ်ရွယ်သေးသော လူငယ်တော်လှန်ရေးရဲဘော်လေး၏ စကားသည် ကျနော့်အတွက် ကြက်သီးမွေးညင်း ထသွားစေပြီး ကျေနပ်သော အပြုံးနှင့် ဆိုင်ကယ်ကို လမ်းကြမ်းပေါ်တွင် ထိန်းမတ်၍ မောင်းနှင်လာသည်။ ထိုရဲဘော်လေးများကို မပြောဖြစ်သော စကားတခွန်းကတော့ ကျနော့်နှလုံးသားထဲတွင် ကိန်းဝပ်လို့ နေပေတော့သည်။

"ကြယ်ကြွေပုံပြင်ဆိုတာ နားထောင်လို့ ကောင်းပေမယ့် လက်တွေ့ကြရင် ကြယ်ကြွေတဲ့ ကမ္ပည်းကိုကြည့်ပြီး ရင်ကွဲရတာပါပဲလေ ..."

မောင်သုည(ရှပ်ပုံသားလေး)




## ကြယ်စင်တို့ရဲ့ အိမ်ပြန်လမ်း


ဆောင်းဦးပေါက်လာလေပြီ။ နှင်းတို့သည် မစို့မပို့ ဝဲလွင့်နေလျက် မနက်လင်းခါနီးအာရုံမတက်မီအထိ တော့ အေးစိမ့်စိမ့်ဖြစ်နေမည်။ ဝါးကွပ်ပြစ်အခင်း ပလပ်စတစ်မိုးကာပါးပါးမလုံတလုံ ကိုင်းရိုးအကာ အရံဖြင့် ဆောင်းကို ဖြတ်သန်းရဦးမည်။ မနက်မိုးလင်းသည်နှင့် မနီးမဝေးရွာလေးဆီမှ မည်ကာမတ္တ လဘက်ရည်ဆိုင်လေးသို့ ထွက်လာခဲ့သည်။ မနေ့ကကြယ်စင်ဆေးရုံမှဆင်းလာပြီဟု သတင်းပို့ပြီး လဘက်ရည်ဆိုင်မှာ ချိန်းထား၍ဖြစ်၏။ ဧရာဝတီမြစ်ကမ်းနံဘေး စခန်းသိမ်းတိုက်ပွဲ၌ စစ်ကောင်စီ၏စခန်းဘေးမှ နင်းမိုင်းထိ၍ ကြယ်စင်ခြေထောက်တစ်ဖက်ဖြတ်ခဲ့ရပြီ။

ကျနော်ကြိုရောက်နေပြီး ရေနွေးတစ်ခွက် ငုံ့သောက်နေစဉ် နှင်းငွေ့မပြယ်တပြယ်ကြား ချိုင်းထောက်ကို အားပြုကာ လာနေသော ကြယ်စင်။ သူ့နောက်မှာအမျိုးသမီးတစ်ဦးနှင့် ၅နှစ်ခန့် သမီးငယ်လေး။ ထိုင်ရာမှထကာ ကြယ်စဉ်တို့မိသားစု အားကြိုဆိုစဉ် အနားရောက်လာသူကြယ်စင်က ခြေထောက် တစ်ဖက်အားပြု၍ အလေးပြုနေသဖြင့် ခန္ဓာကိုယ်ကခပ်စောင်းစောင်း။ ကျနော်ရင်ထဲနင့်ကနဲ။ အေးဆေးနေညီလေးဟုပြောကာ ကြယ်စင်ကိုတွဲ၍ ဆိုင်ထဲထိုင်ကြပြီး သူ့အမျိုးသမီးနှင့်သမီးလေး တို့ကို မိတ်ဆက်ပေးသည်။ ကြယ်စင်အိမ်ထောင်ရှိသည်ကို သိသော်လည်းယခုမှ မြင်ဖူးခြင်းပင်။ ခြေထောက်တစ်ဖက် လူမမယ်သမီးလေးတစ်ယောက်၊ ဇနီးသည်နှင့်ဆက်လျှောက်ရမည့် အနာဂါတ်အတွက် ပင့်သက်ချရင်း ဟိုးအဝေးက ဧရာဝတီမြစ်ကြီးကို ငေးကြည့်နေမိပြန်သည် ။

မြစ်တို့လို ကမ်းစပ်မှာဒုက္ခတွေကို ထားခဲ့ပြီး ဆက်၍စီးသွားနိုင်လျှင်အကောင်းသားဟု မဆီမဆိုင် တွေးနေမိသည်။ ကြယ်စင်တို့မိသားစုအတွက် ဆိုင်ရှင်အန်တီကြီးမှ ငါးကြော်နှင့်ထမင်းဆီဆမ်း လုပ်ပေးနေစဉ် အနားယူရန်နှင့် ခြေထောက်တစ်ဖက်အစားထိုးတပ်ရန် အချိန်ခဏစောင့်ရဦးမည် ဖြစ်ကြောင်းအားမငယ်စေရန် နှစ်သိမ့်စကားပြောနေသော်လည်း သူတို့မိသားစုသည်အားငယ်နေသည့် အသွင်ပြင်မရှိ။ အေးအေးလူလူ အပူပင်ရှိပုံမရ။ လေးစားမိပါသည်။ စားသောက်ပြီး ရွာထဲမှာသူတို့ နေထိုင်ရန်စီစဉ်ထားသော အိမ်သို့လိုက်ပို့ကာ မှာကြားစရာရှိသည်ကို ပြောပြ။ လိုအပ်သည်များကို စာရင်းမှတ်။ "ကဲကြယ်စင် ခြေထောက်တစ်ဖက်မရှိလို့လည်း အားငယ်နဲ့ကွာ ဒီကညီမလေးလည်း ကြယ်စင်ကို သည်းခံပြီး ဂရုစိုက်ပေးနော် " ကြယ်စင်က ပြုံးနေလျက်ပင် သူ့သမီးဆံပင်းအား ဖွဖွလေးပွတ်သပ်၍ "ဟုတ်ကဲ့ပါ ဆရာ ခြေထောက်တစ်ဖက်က သူတို့ရဲ့အနာဂါတ်နဲ့ယှဉ်လိုက်ရင် မပြောပလောက်ပါဘူး ဆရာ။ ပြီးတော့ ခြေတစ်ဖက်မရှိပေမယ့် ဦးနှောက်တခြမ်းမရှိတဲ့ ကောင်တွေကို ပြန်တိုက်နိုင်ပါသေးတယ် " ဟု ပြုံး၍ပင် ကျနော့်ကိုပြန်ပြီး အားပေးနေသေးသည်။ နှုတ်ဆက်၍ အပြန်လမ်း၌ လူမမယ်ကလေးငယ်တို့၏အနာဂါတ်နှင့် ခြေထောက်တစ်ဖက်အကြောင်း စဉ်းစားနေ မိပါတော့သည် ။

မင်းသွင်

# ဟာသကဏ္ဍ




## ဩော် ဗမာ ဗမာ


တစ်နေ့တစ်၌ ကျွန်ုပ်သည် နမ့်ဆမ်ယန် ရှေ့တန်းတစ်နေရာ၌ မောပန်းလွန်းသဖြင့် အိပ်ပျော်လျက် ရှိချေသည်။ ထိုအချိန်တွင် ဂေါ်ရခါးစစ်သားတစ်ဦး အပြေးအလွှား ရောက်လာပြီး ကျွန်ုပ်အား အလောတကြီး နှိုးလေ၏။

"ယောက်ဖ.. ယောက်ဖ.. ထတော့။ ဗမာတွေ တက်လာပြီ"

သူ့စကားကြောင့် ဗမာတစ်ဦးဖြစ်သော ကျွန်ုပ်မှာ ကြောင်စီစီဖြစ်သွားသော်လည်း သေနတ်ကို ကမန်းကတန်းဆွဲကာ ကတုတ်ကျင်းသို့ ပြေးဆင်းနေရာယူလိုက်ရလေသည်။

လင်းထင်

# အက်ဆေးကဏ္ဍ



## ကျနော်တို့ အကြောင်းတွေ ဟုတ်ပါတယ်

ပြန်လာခဲ့ပါတယ်။ အိမ်ရှေ့ကွပ်ပစ်ပေါ်မှာ ထိုင်စောင့်ရင်း မိုးရွာနေတာကို ထိုင်ကြည့်နေမိပါတယ်။ ဟုတ်ပါတယ်။ မိုးရေထဲမှာပါပဲ။ ယောကျ်ားတစ်ယောက်ဟာ အိမ်ပေါ်မှာ ခေါက်တုံ့လူးလာ လျှောက်သွားနေပါတယ်။ ကျနော့်ကို ဘယ်ကလာသလဲလို့မမေးဘူး။ သူကဘယ်သူဆိုတာလည်း ကျနော်မသိပါဘူး။ ကျနော့်အိမ်ကိုကျနော်ပြန်လာခဲ့ပေမဲ့ ကျနော်ဟာ သူစိမ်းတစ်ယောက်လို ဖြစ်နေခဲ့ပါတယ်။ပြင်ပလူတစ်ယောက်လို ဖြစ်နေတယ်။ ခြံထောင့်ကို ကြည့်မိတယ်။ ကျနော်စိုက်ထားတဲ့ မန်ကျည်းပျိုပင်ဟာ အရိပ်ရလို့ နေပါပြီ။

ကျနော် ထိုင်နေခဲ့တယ်။ တနာရီ နှစ်နာရီ။ ငါးနာရီ လောက်ကြာသွားတယ်။ မိုးက တိတ်သွားပြီ။ မိုးက ကျနော့်အပြင်မှာ တိတ်သွားပါပြီ။ လယ်တောဖက်ကနေ လယ်သူမတစ်ယောက် ပြန်လာတာကိုတွေ့နေရတယ်။ အိမ်ပေါ်က ယောကျ်ားဟာ ကွမ်းသီးကို ကွမ်းညှပ်နဲ့စိတ်ခွဲနေတယ်။ အသံတွေဟာနားထဲမှာ ခေတ်ပုံတွေလိုပါပဲ။ ကျနော်ဆက်ထိုင်နေမိတယ်။ စကားလုံးတွေ ရှားပါးလာတော့ ပခုံးစွန်းကကျည်ပေါက်ရာဟာ တဆစ်ဆစ်နာလာပါတယ်။ မိုးရေတွေစိုနေတဲ့ ပါတ်တီးစကို ဖယ်လိုက်တော့ သွေးဟာဗွက်ကနဲ လျှံကျလာခဲ့။ မျက်ရည်စတွေလိုပဲ။

လယ်သူမဟာ ခြံတံခါးဝမှာရပ်ပြီး ကျနော့်ကိုကြည့်နေတယ်။ လက်တွေတုန်နေတယ်။ ကျနော့်နှလုံးခုန်သံတွေဟာ တဒိုင်းဒိုင်းဖြစ်နေပြီး လေယာဥ်ပေါ်ကနေ ဗုံးသီးတွေကျလာတာကို မြင်နေရတယ်။ မျက်လုံးကို မှိတ်လိုက်တယ်။ မျက်ရည်ဟာ ဗွက်ကနဲ။ သွေးတွေလိုပါပဲ။

ရှင်မရှိတော့ဘူးဆိုလို့။ ရှင်ပြန်မလာတော့ဘူး ပြောကြလို့။ ရှင့်ကို စောင့်နေလို့ မရတော့လို့။ ရှင့်အော်သံကို ချမရေးနိုင်တော့လို့။

ကျနော် ငေးနေမိတယ်။ ကျနော်စိုက်ခဲ့တဲ့ မန်းကျည်းပျိုပင်လေး။ ကောင်းကင်အပြာ။ လယ်သူမလေးရဲ့ နဖူးပေါ်က ရွှေအိုရောင် မိုးစက်မိုးပေါက်လေးတွေ။ ကျနော်မှတ်သိပ်စွာ နမ်းခဲ့ဘူးသော ငွေ့ရည်ဖွဲ့အိမ်မက်တွေနဲ့ ရောထွေးဝေဝါးနေပါပြီ။

အိမ်ပေါ်က ယောကျ်ားဟာ ရေစည်ရှိရာကို ဆင်းလာတယ်။ ရေကိုခပ်တယ်။ ကျနော်တောင်းပန်ပါတယ်လို့ အကျယ်ကြီးအော်တယ်။ ငှက်တစ်ကောင်လို ချက်ခြင်း ပျံသန်းထွက်သွားချင်စိတ်ဟာ ကျနော့်ခန္ဓာရဲ့နေရာအနှံ့မှာ ပေါ်ထွက်လာပါတယ်။ စူးတွေလိုပဲ။ ကတုတ်ကျင်းလေးထဲကို ဝင်ပုန်းနေချင်တယ်။ ခြေဖဝါးတွေကို လေပေါ်မြှောက်ထားချင်တယ်။ ယောကျ်ားဟာ ရေစည်ကိုမှောက်ပစ်လိုက်ပါတယ်။ လယ်သူမလေးက အဝတ်တွေကို ချွတ်ပစ်လိုက်တယ်။ ဒဏ်ရာတွေ မြင်ရလား။ ကျမ တောင်းပန်ပါတယ်လို့ ပြောတယ်။

ကျနော် ကွပ်ပစ်ပေါ်ကနေ ထလိုက်တယ်။ သေနတ်ပါမလာဘူး။ ဘယ်သူ့ဆီအပ်ခဲ့တာလဲ။ ပါလာရင်ကောင်းမယ်။ တခုခုကို တိုင်တည်အော်ဟစ်ချင်စိတ်ဟာ ပျောက်သွားတဲ့ မီးခြစ်ကို ပြန်မရတော့သလို စိတ်ကို လာလာဟပ်တယ်။ အိမ်ကလေး၊ လယ်သူမလေးနဲ့ ထိုယောကျ်ားတို့ကို ကျနော် ကျောခိုင်းခဲ့တယ်။

သားပြန်လာအောင် စောင့်ပါဦး။

လယ်သူမလေးက လှမ်းအော်တယ်။ အသံတွေ။ အသံတွေဟာ လှိုစက်ဝိုင်းကြီး လည်နေသလိုပဲ။ပခုံးစွန်းက ဒဏ်ရာဟာ တဆစ်ဆစ်ကိုက်လာတယ်။ အိမ်တဲ့။ ဒါဟာ အိမ်တဲ့လား။ ဘယ်လိုအငွေ့အသက်ပါလိမ့်။ ရှင်မရှိတော့ဘူးဆိုလို့ ဆိုတဲ့ စကားကို ပြန်ကြားနေမိတယ်။ ကျနော် ခြံတံခါးလေးကို

ကျောခိုင်းလိုက်တယ်။ မိုးတွေ ပြန်ရွာလာခဲ့ပြီ။ အဝေးက မြေလမ်းရွှံ့ရွှံ့လေးပေါ်မှာ ကလေးလေးတစ်ယောက်ဟာ ပြေးလာနေပါတယ်။ ကျစ်လစ်တဲ့နဖူးတွေဟာ ကျနော် ထုဆစ်ထားတဲ့အတိုင်း တထေရာတည်း။

ကျနော့်အတောင်ပံတွေဟာ မိုးရေတွေစိုရွှဲနေပေမဲ့ အမြင့်ကိုရောက်အောင် ပျံသန်းခဲ့လိုက်တယ်။ ကျောက်ဆောင်တစ်ခုကိုရှာရမယ်။ဒါမှမဟုတ် ရေကန်တစ်ခု။ အရှိန်နဲ့ထိုးဆင်းပြီး အတောင်တွေကို ရုတ်ချလိုက်မယ်။ စကားလုံးတွေ နင်နေတယ်။ စူးတွေလိုပဲ။

ကျနော်တို့အကြောင်းတွေပါ။ ကျနော်တို့အကြောင်းတွေ ဟုတ်ပါတယ်။

မိုးရေစိုနေတဲ့ အတောင်တွေဟာ ရုတ်ချည်းပြုတ်ထွက်သွားတယ်။ လယ်သူမလေးရဲ့ ကလေးလေးကို ပွေ့ချီနမ်းရှုံ့လိုက်ပုံကို အစက်အပျောက်လေးတစ်ခုအဖြစ် မြင်နေရတယ်။ အိမ်ကနေ နောက်တစ်ခေါက် ကျနော် ထပ်ထွက်လာခဲ့လိုက်ပါတယ်။

လူရောင်လွှင်

*မိုးဝေး = ကျနော်တို့ အကြောင်းတွေမှ ဟုတ်ရဲ့လား။




## ဖုံးကြခံနေရတဲ့မြို့က မိန်းမ

ဇာတိမြို့ ဖုံးကြခံနေရတဲ့ အချိန်တုန်းက အဲဒီမိန်းမက အိပ်ပျော်နေခဲ့တာ။ အိပ်ပျော်နေတယ်ဆိုပေမဲ့ နှစ်နှစ်ခြိုက်ခြိုက်တော့ ဘယ်ဟုတ်လိမ့်မလဲ။ အိမ်ကနေ အသက်လု ထွက်ပြေးရပြီးကတည်းက နောက်က ကပ်ပါလာတဲ့ ဆင်တူယိုးမှား ခြောက်အိပ်မက်တွေထဲမှာ တဝဲလည်လည် နစ်မြုပ်ရင်း အိပ်တဝက် နိုးတဝက် ဖြစ်ရလေ့ရှိတဲ့ ညများစွာထဲက တညပဲကိုး။ ဇာတိမြို့ ဖုံးကြခံနေရတဲ့အချိန်မှာ အဲဒီမိန်းမက ထုံးစံအတိုင်း 'နင့်နောက်က သူတို့လိုက်လာပြီ' ဆိုတဲ့ အိပ်မက်ထဲက အသံတခုကိုကြားပြီး လွတ်ရာလွတ်ကြောင်း ကြောက်လန့်တကြား ထွက်ပြေးနေတာ။ နိုးလာတော့ ရင်ကပူ ရေကတော်ရင်း လက်ရှိ ပစ္စုပ္ပန်နဲ့ ချိတ်ဆက်မိဖို့ အတော်ပဲ ကြိုးစားယူလိုက်ရတယ်။ မြင်ကွင်းကို ရှင်းလင်း ပြတ်သားတော့မှ ထုံးစံအတိုင်း လည်ချောင်းဝမှာ ပိတ်ဆို့နေတဲ့ အလုံးကြီး ပြုတ်ကျသွားတော့တာ။ ဒါ အိပ်မက်ပဲ၊ ငါ သူတို့လက်က လွတ်ခဲ့ပြီ။

ဒါပေမဲ့ မိနစ်ပိုင်းအတွင်းမှာပဲ သူတို့လက်က အခုချိန်အထိ အမှန်တကယ် မလွတ်မြောက်သေးပါလား ဆိုတာကို သတိရဖို့ ဖန်လာပြန်တယ်။ ဆိုရှယ်မီဒီယာပေါ် ရောက်ရောက်ချင်း ဖတ်လိုက်မိတဲ့ စာလုံးတွေဟာ စောစောတုန်းက လည်ချောင်းဝက ပြုတ်ကျသွားခဲ့တဲ့ အလုံးကြီးကို နောက်တ

ဖန် အရှိန်နဲ့ ဆောင့်ကန်တက်လာစေတယ်။ မျက်လုံးတွေဟာ ချက်ချင်းပဲ ပြာဝေ … အသက်ရှူနေသေးသလား၊ မရှူတော့ဘူးလားဆိုတာ ကိုယ့်ကိုယ်ကိုယ် ဝေခွဲမရတော့တဲ့ တဒင်္ဂ ရှင်သန်မှု တန့်ခြင်းမျိုးနဲ့လည်း ဆင်တူပါရဲ့။ ဗုံးကြဲနေပြီ … ဗုံးကြဲနေပြီတဲ့ …

ဗုံးကြဲခံနေရတဲ့မြို့က မိန်းမဟာ ဖုန်းကို အိပ်ရာပေါ် ဖုတ်ကနဲ ပစ်ချတယ်။ ပြီးတော့ အခန်းထဲမှာ စိတ်နဲ့ကိုယ်နဲ့ မကပ်တော့သလို လူးလာခေါက်ပြန် လျှောက်နေတယ်။ ‘ရင်ဝကို မီးစနဲ့ ထိုးနေသလို ပူလိုက်တာ’ ဆိုတဲ့ အသုံးအနှုန်းမျိုး အရင့်အရင်က ကြားဖူးပေမဲ့ ဒီတကြိမ်တော့ ခံစားမှုကိုပါ နားလည်လာသလိုပဲ။ သူတပါးမြို့တွေ ဗုံးကြဲခံရတုန်းက ဝမ်းနည်းရတယ်၊ ကိုယ်ချင်းစာရတယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်ခဲ့သမျှ ဘယ်ဟုတ်လိမ့်မတုံး။ ကိုယ့်မြို့၊ ကိုယ့်ဒေသကို ထိတဲ့အချိန် ဖြစ်ရတဲ့ အပူမီးက သာလို့ ဆိုးလှပါကလားနော်။ ရင်ခေါင်းမှာ ဆို့တက်နေတဲ့ အကျိတ်အခဲကြီးက ငိုချလိုက်ရင်ရော ပျောက်သွားမလား။ ခက်တာက ငိုလို့ မရနေတာပဲ။ ငိုချင်လိုက်တာလို့ အရူးတယောက်လို တဖွဖွ ပြောနေပေမဲ့ မျက်ရည်က တပေါက်တလေးတောင် စိမ့်ထွက်မလာဘဲ စိတ်နှလုံးအိမ်မှာပဲ တိုးလို့ တိုးလို့ တင်းကျပ်လာတော့တာ။

အမှန်တော့ ဒီရက်မတိုင်ခင် မြို့သိမ်းစစ်ပွဲ စပြီဆိုကတည်းက ခုလိုအဖြစ်တွေ ရောက်လာနိုင်ခြေ ရှိတယ်လို့တော့ အဲဒီမိန်းမက တွေးခဲ့သေးတယ်။ ဂဏန်းသင်္ချာမှာ ၁ ပြီးရင် ၂ လာမှာပဲဆိုတာလို သိပ်ရိုးစင်းတာကိုး။ အခြေအနေ မလှလို့ မြို့တွေကို လက်လွှတ်ရခါနီးရင်၊ လက်လွှတ်လိုက်ရရင် သူတို့တွေ ရွေးလေ့ရှိတဲ့ နောက်ဆုံးလမ်းက ဒါပဲ မဟုတ်လား။ ဝေဟင်ကနေ သေမင်းတမန်ကို လွှတ်ချလိုက်ဖို့အတွက် အမိန့်ပေးသူရော ပြုလုပ်သူကပါ ဘယ်သောအခါကမျှ ဝန်လေးတွေဝေခြင်း၊ ငဲ့ညှာခြင်း အလျဉ်းမရှိခဲ့ကြ။ အနှစ်နှစ်အလလ ချေးပွင့်ကလေးတွေ တပွင့်ချင်း စုပေါင်းထားသလို စိတ်အင်အား လူအင်အား အပြည့် ရင်းနှီးလို့ ဆောက်လုပ်ခဲ့ကြတဲ့ နေအိမ် အဆောက်အအုံတွေဟာ မိနစ်ပိုင်းအတွင်း အစိတ်စိတ် အမြွှာမြွှာ ပျက်စီးခဲ့ကြရ၊ လသားအရွယ်ကစလို့ ကလေးငယ်များစွာအပါ လူ့အသက်ပေါင်းများစွာ တဖြုတ်ဖြုတ် ကြွေလွင့်ခဲ့ရ။

အခုရော ဗုံးကြဲခံနေရတာ မြို့ရဲ့ ဘယ်အစိတ်အပိုင်းများပါလိမ့်။ အို … ဘယ်အစိတ်အပိုင်းဆိုတာက ခုနေ ဘာများအရေးကြီးလို့လဲ။ ဘယ်သူပဲထိထိ ငါတို့လူတွေ၊ ဘယ်အိမ်ပဲဖြစ်ဖြစ် ငါတို့အိမ်တွေ …

ဗုံးကြဲခံနေရတဲ့မြို့က မိန်းမဟာ မျက်လုံးတွေကို စေ့ပိတ်ချလိုက်တယ်။ ရစ်ခွေစီးဆင်းနေတဲ့ ဧရာဝတီ၊ မှိုင်းပြာရီ တောင်ကြောတွေ နောက်ခံထားတဲ့ မြို့ကလေး၊ စိမ်းမြရိပ်ညိုသော သစ်ပင်များ၊ အဆင်းအတက် များပြား ကွေ့ကောက်ရှည်လျားသော လမ်းသွယ်များ။ တချိန်တုန်းက မြို့ကလေးရဲ့ ကောင်းကင်မှာ အဲဒီမိန်းမရဲ့ ငယ်အိပ်မက်ဟာ တိမ်ဖြူအုပ်တွေနဲ့အပြိုင် လှပ လင်းကျင်းနေခဲ့ဖူးတယ်။ ကောင်းကင်ပြာကို မော့ငေး၊ တိမ်တွေနောက် စိတ်ကို တဆုံး လွှင့်တင်ရင်း အနာဂတ်ကို ပုံဖော်ကြည့်ခဲ့ရတဲ့ နေ့ရက်တွေဟာ လွမ်းမောဖွယ်အတိပဲ။

ဇာတိမြို့ကို ချန်ရစ်ခဲ့တာဟာလည်း မချစ်ခင် မလိုအပ်တော့လို့မဟုတ်ဘဲ ကိုယ့်မနက်ဖြန်နဲ့ကိုယ် လောင်းကြေးထပ်စွန့်စားကြည့်ချင်ခဲ့တာ။ မြို့တော်ကြီးကနေ တနှစ်တကြိမ် ပြန်ရောက်လေတိုင်း အချစ်အခင်မပျက် နွေးနွေးထွေးထွေး ဆီးကြိုမြဲ မြို့ကလေး။ ခုတော့ ပြန်မရောက်တာ ဘယ်နှနှစ်များပါလိမ့်။ အာဏာသိမ်းပြီးကတည်းက နွေဦးရာသီ အပြေးပြန်နေကျ မြို့ကလေးနဲ့ ဝေးခဲ့ရ၊ မိုင်ထောင်ချီ ခြားနားခဲ့ချိန်မှာတောင် တနေ့ပြန်ရောက်မှာပေါ့လို့ အားယူမျှော်တွေးခဲ့ရတဲ့အရပ်။ ခုတော့ ထိုအရပ်ဟာ စစ်မြေပြင်အတိ ဖြစ်ခဲ့ရပြီ။

ဗုံးကြဲခံနေရတဲ့မြို့က မိန်းမဟာ အစောက အထိတ်ထိတ် အလန့်လန့် လွှတ်ချခဲ့တဲ့ ဆိုရှယ်မီဒီယာပေါ် နောက်တကြိမ် ရောက်သွားပြန်တယ်။ စကားလုံးတွေ၊ မှတ်ချက်လေးတွေ တခုချင်းကအစ ဖတ်ရင်း တလှိုက်လှိုက် ဖြစ်လာတယ်။ ‘မြို့ထဲမှာ လူတွေပိတ်မိနေတာ အများကြီး’၊ ‘လူတွေလည်း သေကြတယ်’ လို့ တနေရာမှာ တွေ့ပြန်တော့ ဆို့ဆို့ကျပ် ကျပ် ဖြစ်လာတယ်။ ရှားရှားပါးပါးတွေ့ရတဲ့ ဓာတ်ပုံ၊ ဗွီဒီယိုဖိုင်တချို့မှာတော့ မြို့ကနေ စစ်ရှောင်နေကြတဲ့ လူတန်းရှည်။ ကလေးငယ်တွေကို ရင်ခွင်ပိုက်၊ ကျောပိုးထားတဲ့ အမျိုးသမီးတွေ၊ ပစ္စည်းတွေ ရသလောက် သယ်ပိုးထားတဲ့ အမျိုးသမီး၊ အမျိုးသားတွေ၊ ပြီးတော့ ကလေးတွေ၊ သက်ကြီးပိုင်းတွေ။ ဆိုင်ကယ်တွေ၊ ရရာကားတွေနဲ့ စစ်ပြေးခရီး ချီနေတဲ့ လူတွေဟာ များပြားလွန်းလို့ ရှေ့ကို မြှော်နိုင်လှတယ် မရှိ။ တချို့က ခြေကျင်။ အို … ဒီနေရာ သိတာပေါ့။ ရွာဘက်ကို ပြန်လို့ရတဲ့ လမ်းတွေထဲက တခုမဟုတ်လား။

နောက်ထပ် ဗွီဒီယိုဖိုင်တခုမှာတော့ မြစ်ပြင်ပေါ်မှာ အလျင်နဲ့ ပြေးနေကြတဲ့ စက်လှေတွေ။ အကြောက်တရားကို သယ်ပိုးရင်း မြို့ကို၊ နေအိမ်တွေကို စွန့်ခွာခဲ့ကြသူတွေ။

စွန့်ခွာ လွတ်မြောက်နိုင်သူတွေထဲ အမ ပါရဲ့လား၊ မောင်လေး ပါသွားရဲ့လား၊ တူမလေးရော စစ်ပြေးရင်း ကြောက်ကြောက်လန့်လန့် ရှိနေရှာမလားလို့ အဲဒီမိန်းမက လိုက်တွေးနေတယ်။ ဒီအချိန်မှာ တွေးရုံကလွဲပြီး ဘာမှ လုပ်နိုင် တော့တာ မဟုတ်ဘူးလို့ လက်ခံလိုက်ရတာလည်း နာကျင်ခြင်းပါပဲ။ မောင်လေးဆီ ဖုန်းအဆက်အသွယ် လုပ်မရတော့တာ ဘယ်လောက်ကြာခဲ့ပြီလဲ။ လွန်ခဲ့တဲ့ လေးလကျော်ကျော် စစ်ရိပ်စစ်ရောင် သန်းလာကတည်းက ဆက်သွယ်ရေးလမ်းကြောင်းကို ကတ်ကြေးနဲ့ဖြတ်သလို အလွယ်ကလေး သူတို့ ဖြတ်တောက်လိုက်ကြတာ။ မိဘတွေ အသက်ရှင်နေကြသေးကြောင်း သိရဖို့တောင် လချီ စောင့်ခဲ့ရဖူးတယ်။ ဒါတောင်ပဲ အဖေဟာ နေအိမ်ကနေ အတော်ဝေးတဲ့ အရပ်အထိ မရောက်ရောက်အောင်လာပြီး ဖုန်းဆက်ခဲ့ရှာလို့၊ ‘ဂရုစိုက် ပြန်နေဘ်’ လို့ အဲဒီမိန်းမက မှာလိုက်ပေမဲ့ သူ့အဖေ အန္တရာယ်ကင်းကင်း အိမ်ပြန်ရောက်ရဲ့လားဆိုတာ သိခွင့်ရဖို့တောင် နောက်တလလောက် ထပ်စောင့်လိုက်ရတယ်။

အတွေးပေါ် အတွေးဆင့်ရင်း အဖေနဲ့ နောက်ဆုံး ဖုန်းပြောလိုက်ရတာ ပြီးခဲ့တဲ့ တနင်္ဂနွေကပဲလို့ ဖျတ်ကနဲ သတိရသွားတယ်။ အင်တာနက်လိုင်း ရတဲ့ဆိုင်အထိ ရောက်လာပြီး ဆက်သွယ်ခဲ့တာမို့ မျက်နှာကြည်ကြည်ကိုတောင် တွေ့လိုက်ရပါသေး။ မကြာခင် စစ်စဖြစ်တော့မယ်၊ အဆက်အသွယ် ပြတ်တောက်ပြန်ဦးတော့မယ်ဆိုတာ သားအဖနှစ်ဦးလုံး မသိခဲ့ကြ။ ရယ်ရယ်မောမော နှုတ်ဆက်ခဲ့ကြ။

ဖုံးကြွခံနေရတဲ့မြို့က မိန်းမဟာ ဖုန်းမျက်နှာပြင်ပေါ်က ခရမ်းရောင် အိုင်ကွန်လေးကို နှိပ်ချရင်း နာမည်တွေ တခုချင်း လိုက်ကြည့်နေတယ်။ မိသားစုထံက အဆက်အသွယ် သတင်းအစအန တစုံတရာ ရနိုင်မယ်လို့ ထင်သမျှ လူတွေဆီ ‘အခြေအနေ ဘယ်လိုရှိသလဲဟင်’ လို့ စာတွေ လိုက်ပို့တယ်။ တယောက်မှ သူ့စာကို မဖတ်ကြတော့ဘူး။ သူတို့တွေ နောက်ဆုံး အွန်လိုင်းမှာ ရှိခဲ့ကြတဲ့အချိန်ဟာ စစ်ပွဲမစခင် တရက်အလို။ နေရောင်ခြည်ဟာ အခန်းတံခါးမှာ ခပ်ဖျော့ဖျော့ ထိုးကျနေတယ်။ အပြင်ဘက်က ရိုးတံထီးတည်း သစ်ပင်ကို အဲဒီမိန်းမ မော့ကြည့်နေတယ်။ ‘သိလား ငါ့မြို့မှာ စစ်ဖြစ်နေတယ်၊ ဖုံးလည်း ကြွနေတယ်’ လို့ ပြောလိုက်တယ်။ သစ်ကိုင်းတွေ ဆောင်းလေအလျင်နဲ့ တလှုပ်လှုပ်ယိမ်းပုံဟာ စကားတစုံတရာ ပြန်ပြောနေသလိုပဲ။ ဘာများ ပြောလိုတာပါလိမ့်။ ငိုချလိုက် ဆိုတာမျိုးလား။ ဟင့်အင်း ... ငိုလို့မှ မရတာ။

ဖုံးကြွခံနေရတဲ့မြို့က မိန်းမဟာ ဘာမှ လုပ်ပေးလို့မရနိုင်တဲ့ အတူတူ သတင်းဆိုးတွေအကြောင်း မတွေးတော့ဘူးလို့ ကြိုးစားကြည့်တယ်။ ကော်ဖီ ထသောက်တယ်။ အခန်းသန့်ရှင်းရေး လုပ်တယ်။ ရခိုင်မုန့်တီ ချက်တယ်။ မုန့်တီထဲ ငရုတ်သီးတွေ ခပ်များများ ထည့်စားတယ်။ ခဏနေတော့ အလုပ်တခုခု ထပ်ရှာသလို အဝတ်တွေ လျှော်တယ်။ လျှော်ပြီးသမျှ အဝတ်တွေကို ဝရံတာကို သယ်ထုတ်လာပြီး တထည်ချင်း လှန်းနေတယ်။ အောက်ဘက်ဆီက ရယ်သံလေးတချို့ လွင့်လာတော့ အဲဒီမိန်းမက ခြေဖျား အနည်းငယ်ထောက်ပြီး ကိုယ်ကို ကိုင်းကြည့်လိုက်တယ်။ ဟော ... အိမ်ဝင်းအနောက်ဘက် ကလေးကစားကွင်းထဲက ရယ်သံတွေပါလား။ ခြောက်နှစ်၊ ခုနစ်နှစ်အရွယ် ကလေးတဦးက ဒါန်းစီးလို့။ ဘေးက ဒါန်းပေါ်မှာတော့ သူ့မိခင်လား၊ အဒေါ်လားမသိ။ ဒါန်း ကိုယ်စီ လွဲစီးရင်းက နှစ်ယောက်သား ဘာတွေများ သဘောကျစရာ ရှိလို့ပါလိမ့်။ တယောက်ကိုတယောက် ကြည့်ရင်း ရယ်နေလိုက်ကြတာ။

နောက်ဆုံးအထည်ကို ဖြန့်လှန်းရင်း ‘သိလား’ လို့ အမျိုးသမီးက နှုတ်ခမ်းလှုပ်ရုံ ရွတ်လိုက်တယ်။ ‘ရှင်တို့ သိလားဟင်။ ကျမလေ စစ်ကြီးပြီးတဲ့အခါ အိမ်ကို ဘယ်လိုပြန်ရမယ်မှန်း မသိတော့မှာ သိပ်ကြောက်တာပဲ။ ကျမ ပြန်ရောက်တဲ့အခါ ကျမချစ်တဲ့သူတွေ မရှိတော့မှာလည်း သိပ်ကြောက်တာပဲ’ လို့ တိုးတိုးလေး ပြောတယ်။

အဲဒီနောက်မှာတော့ ဖုံးကြွခံနေရတဲ့မြို့က မိန်းမဟာ အဆက်မပြတ် ကြားနေရမြဲ ရယ်သံတွေကြားမှာပဲ မဆုံးနိုင်အောင် ငိုရှိုက်နေတော့တာ။

ဆောလျှန်

# စစ်လက်နက်ကဏ္ဍ

## ရန်သူ့လက်နက်



### MA-4 (အမ်အေ-၄)

စစ်ကောင်စီသုံး ဗုံးပစ်လောင်ချာပါဝင်သည့် MA-4 ချေမှုန်းရေးရိုင်ဖယ်ကို မြန်မာစစ်တပ်မှထုတ်လုပ်ပြီး သေနတ်အလေးချိန်( ဗုံးသီးကျည်အိမ်ပါ ၁၄.၃၉ပေါင်)ရှိသည်။ ၅.၅၆ကျည်နှင့် ၄၀မမ ဗုံးသီးမျိုးစုံသုံးနိုင်ပြီး ထိရောက်မှုအကွာအဝေး ၄၀၀မီတာအထိရှိသည်။ ကျည်နှစ်မျိုးတပြိုင်တည်းသုံးနိုင်ပြီး ပစ်ခတ်ရလွယ်ကူသဖြင့် လက်ရှိစစ်မြေပြင်တွင် အသုံးများသည်။

---

## မိမိလက်နက်




### Pading ( ပဒိန်)

KIA ထုတ် ၄၀မမ ဗုံးပစ်လောင်ချာ KA – 0024ဟာ အမေရိကန်စစ်တပ်သုံး ဂျာမန်ကုမ္ပဏီ HK ကထုတ်သည့် M302 ကဲ့သို့သွင်ပြင်တူသော ကချင်ဗားရှင်း KA – Pading 799 ဖြစ်သည်။ ပဒိန် ၄၀မမ ဗုံးပစ်လောင်ချာတွေကို ကချင်လူမျိုး၊ လော်ဝေါ်မျိုးနွယ်စု၏စကားဖြင့် ပဒိန် (လောက်လေးဂွ )ဟုခေါ်ကြကြောင်းသိရသည်။ ပစ်ခတ်နိုင်သည့်အကွာအဝေး မီတာ၅၀၀ နှင့်အထက်မီတာ ၈၀၀ အထိပစ်ခတ်နိုင်သည်။ Pading 1/ 2 နဲ့ 2+ ဟူ၍ဗားရှင်းသုံးမျိုးရှိကာ ဗားရှင်းတခုစီသည်ပြောင်းအတိုအရှည်ကွာခြားမှုရှိပြီး ပစ်ခတ်နိုင်သည့် အကွာအဝေး လည်းကွာခြားမှုရှိသည်။ ဗုံးသီးအရောင်သုံးမျိုးထုတ်လုပ်ထားပြီး ဖောက်ထွင်းကျည်၊ ကွဲကျည်နှင့် မီးလောင်ဗုံးဆိုပြီးရှိသည်။

# ဆောင်းပါးကဏ္ဍ



## ဒစ်ဂျစ်တယ်နည်းပညာ၊ အရင်းခေတ်နောင်းယဉ်ကျေးမှုနဲ့ တော်လှန်ရေးကိုပြန်လည်တောင်းဆိုလာတဲ့ ကမ္ဘာမြေ

ယနေ့ကမ္ဘာရဲ့ ကြွယ်ဝချမ်းသာလာမှုနဲ့ သိပ္ပံ၊ စက်မှု နဲ့ နည်းပညာတွေ ထွန်းကားလာတဲ့ အကြောင်းကို ပြောမယ်ဆိုရင် နောက်ကနေ တွန်းအားပေးနေတဲ့ စနစ်တရပ်ကို နားလည်ဖို့လိုမှာဖြစ်တယ်။ အဲဒါက အရင်း(ရှင်)စနစ်ပါပဲ။

### ကမ္ဘာစစ်နဲ့စီးပွါးပျက်ကပ်

အရင်းစနစ်ဟာ ကမ္ဘာပေါ်မှာ ရာစုနှစ်ခုကျော် ရှင်သန်နေခဲ့ ရှင်သန်နေဆဲဖြစ်တယ်။ အရင်းစနစ် လည်ပတ်နေချိန်အတွင်းမှာ ကမ္ဘာပေါ်မှာ စစ်ကြီး(၂)ခု ဖြစ်ခဲ့တယ်။ စီးပွားပျက်ကပ်တခုနဲ့ စီးပွားရေး ဆုတ်ယုတ်မှုကြီးတခု ဖြစ်ခဲ့တယ်။

ပထမကမ္ဘာစစ် (၁၉၁၄ - ၁၈) နဲ့ ဒုတိယကမ္ဘာစစ် (၁၉၃၉ - ၄၅) ကြားမှာ ကမ္ဘာ့စီးပွားပျက်ကပ် (The Great Depression: ၁၉၂၉ - ၃၀) ဖြစ်တယ်။ ၂၀၀၈ ခုနှစ်မှာ ကမ္ဘာ့စီးပွားရေးဆုတ်ယုတ်မှုကြီး (The Great Recession) ဖြစ်တယ်။ ၂၀၂၀ ခုနှစ်အတွင်း အမေရိကန်မှာ ဝေါလမ်းမက စီးပွားရေးကျွမ်းကျင်သူတွေ ပညာရှင်တွေ သုံးသပ်လေ့ရှိတဲ့ စကားတခုကို ပြောရမယ်ဆိုရင် ကမ္ဘာ့ကြီး အခြေအနေက (၁၉၃၀) ပြည့်နှစ် တွေနဲ့ တူလာတယ်ဆိုတာပါ။

ဒီစကားက ဘာကိုဖော်ပြတာလည်း ဆိုတော့ (၁၉၃၀) ဆယ်စုနှစ်တွေရဲ့ အဆုံးမှာ ၁၉၃၉ ဒုတိယ ကမ္ဘာစစ်ဖြစ်ခဲ့တာကို သတိပေးလိုတာ ဖြစ်တယ်။ ဒီတော့ ၂၀၀၈ နောက်ပိုင်း စီးပွားရေး ဆုတ်ယုတ် ကျဆင်းမှုတွေဟာ ကိုဗစ် နဲ့ ပေါင်းပြီး (၂၀၂၀) ပြည့်နှစ်တွေမှာ အဓိကအကျပ်အတည်းတွေ တွေ့မယ်၊ အဲကမှတဆင့် တတိယကမ္ဘာစစ်လို စစ်ကြီးတခု ဖြစ်လာနိုင်တယ်ဆိုတာပါ။ ဒီလိုသုံးသပ်မှုတွေဟာ ပုံကြီးချဲ့ရာမရောက်ဘူးဆိုတာ ထရမ့်ပထမသက်တမ်းအတွင်း အမေရိကန်နဲ့တရုတ်ကုန်သွယ်ရေးစစ်ပွဲ၊ တရုတ်ရဲ့တောင်တရုတ်ပင်လယ်အတွင်း စစ်အင်အားတည်ဆောက်ချဲ့ထွင်လာမှု၊ ရုရှားကျူးကျော် ဝင်ရောက်တဲ့ ယူကရိန်းစစ်၊ အရှေ့အလယ်ပိုင်းစစ်ပွဲတွေ (အစ္စရေးနဲ့ ဟားမားစ်၊ အီရန်) ထိုင်ဝမ် အကျပ်အတည်းတွေက သက်သေခံနေတယ်။

သို့သော် လက်ရှိအနေအထားမှာ တရုတ်ဟာအမေရိကန်ကို စစ်ရေးအရမယှဉ်နိုင်(ရဲ)သေးတာ တွေ့ရတယ်။ တကမ္ဘာလုံးအတိုင်းအတာနဲ့ ယှဉ်ဖို့မဖြစ်နိုင်သေးတာသေချာလို့ အာရှအတွင်း အမေရိကန် သြဇာသက်ရောက်မှုကို တန်ပြန်ဖို့ ကြိုးစားနေတာဖြစ်တယ်။ တဘက်ကကြည့်ရင် တရုတ်ကြွယ်ဝချမ်းသာလာတာကလည်း သူတို့ပြောသလို တရုတ်ကြန်အင်လက္ခဏာနဲ့ပြည့်စုံတဲ့ ဆိုရှယ်လစ် စနစ် (The Socialism in Chinese Characteristics) ကြောင့်မဟုတ်ပဲ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့အတူ အမေရိကန်တွေရဲ့ စက်မှုလွန်ခေတ်လူ့အဖွဲ့အစည်း (Post Industrial Society) တည်ဆောက်မှုနဲ့ အရင်းစနစ်ရေစီးကို အသာခိုစီးခဲ့လို့ ဖြစ်တယ်ဆိုတာတွေ့ရတယ်။ ကမ္ဘာပေါ်မှာ အမေရိကန်ရဲ့ အရင်းစနစ်ရေစီးတွေမှာ လက်ရှိအနေအထားက တတိယမြောက်လှိုင်းတခုကို စတင်စီးဆင်းလာတဲ့ သဘောကို တွေ့ရတယ်။

### အမေရိကန်ရဲ့ အရင်းလှိုင်း ၃ ခု

ပထမလှိုင်းရဲ့ အစဟာ အပေါ်မှာပြောခဲ့တဲ့ (၁၉၃၀) ပြည့်နှစ်တွေ ဖြစ်တယ်။ စီးပွားပျက်ကပ်ကနေ ပြန်ရုန်းထွက်ဖို့ ဖရင်ကလင်ဒီရူစဗဲ့ လက်ထက်မှာစခဲ့တဲ့ စည်းမျဉ်းသစ် စီးပွား

သစ် ဆိုတဲ့မူ (The New Deal) ကနေ ထွက်လာတယ်။ အမေရိကန်ဟာ ဒီနည်းနဲ့သွားနေတဲ့ အချိန်ဟာ ရူစဗဲ့လက်ထက်ကနေ ဂျင်မီကာတာ လက်ထက်အထိလို့ ပြောရမှာ ဖြစ်တယ်။ (၁၉၃၃) ကနေ (၁၉၈၀) အထိ နှစ် (၅၀) နီးပါးဆိုပါတော့။

ရေဂင်လက်ထက်မှာ ပုံစံအသစ်တခု စပေါ်တယ်။ စီးပွားရေးမှာ ရေဂင်နောမစ်ဆိုတဲ့ နာမည်နဲ့ ခေါ်ခဲ့ရတဲ့ အထိ အောင်မြင်မှုရခဲ့တာကို ချိန်ဆကြည့်ရင် သိနိုင်တယ်။ ရေဂင်လက်ထက်က စခဲ့တဲ့ ဒုတိယ အမေရိကန် စီးပွားရေးလှိုင်းရဲ့ နောက်ကွယ်က သဘောတရားဟာ လူပြောများတဲ့ နီယိုလစ်ဘရယ် (Neoliberal) ပါပဲ။ ပြောမယ်ဆို တရုတ်ချမ်းသာလာတာ နီယိုလစ်ဘရယ် ရေစီးကြောင့်ပါ။ ဒီရေစီးဟာ ထရမ့်လက်ထက်မှာ နောက်ဆုံးလို့ပြောနိုင်တယ်။ အမေရိကန်စီးပွားရေးပထမလှိုင်းဟာ ပြည်တွင်း သက်ရောက်မှုအားကြီးပြီး ဒုတိယလှိုင်းကတော့ နိုင်ငံတကာကို ဆန့်ထွက်လာခဲ့တယ်။ ဂလိုဘယ် လိုက်ဖေးရှင်းကြောင့်လို့ ယေဘူယျ သတ်မှတ်နိုင်တယ်။

တတိယအမေရိကန်စီးပွားလှိုင်းဟာ ဘိုင်ဒင်လက်ထက်မှာစတဲ့ သဘောပါ။ အမေရိကန်တွေ (၂၀၂၀) မတိုင်ခင်လောက်ကပဲ နာမည်စပေးနေတာ တွေ့ရပြီး ခုတော့အထိုင်ကျလာပြီလို့ ပြောနိုင်တယ်။ စိမ်းလန်းစီးပွားသစ် (The New Green Deal) ပါ။ ရူစဗဲ့လက်ထက်က နာမည်ကို အစိမ်း (Green) ထည့်လိုက်တာ ပါပဲ။ ဒါပေမယ့် ဒီအစိမ်းက အရောင်သက်သက်မဟုတ်ပဲ နည်းပညာပေါ် အခြေခံတယ်။ ရာသီဥတုပြောင်းလဲမှု နဲ့ပတ်သက်တယ်၊ ကမ္ဘာမြေရဲ့ ဆုံးရှုံးသွားတဲ့ ဇီဝဖြစ်စဥ်ကို ပြန်လည်ရှင်သန်စေဖို့ အထိ ပါဝင်လာတယ်။ အမေရိကန်ဟာ ကိုဗစ်အလွန် စီးပွားပြန်လည်တည်ဆောက်ရေးမှာ ဒေါ်လာ (၁.၉) ထရီလီယံကို ဘိုင်ဒင်အစိုးရ လက်ထက်မှာ ကွန်ဂယက်က အတည်ပြုပေးထားတယ်။ နိုင်ငံရေးဘက်က ဒီအစိမ်းလိုင်းကို လိုက်ပါဖို့ အရင်အိုဘားမားလက်ထက် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ (ပထမသက်တမ်းက ဟီလာရီ ကလင်တန်၊ ဒုတိယသက်တမ်းက ကယ်ရီ) ကို ဘိုင်ဒင်ရဲ့ ရာသီဥတု အပြောင်းအလဲဖြစ်စဥ်တွေနဲ့ ပတ်သက်လို့ သမ္မတရဲ့ အထူးအကြံပေး ခန့်ထားတယ်။ စီးပွားရေးမှာ ဘတ်ဂျက်နဲ့ ဗဟိုဘဏ်ကို ရောမွှေအသုံးချမယ့် မော်ဒန်ငွေကြေးသီအိုရီ (MMT: Modern Monetary Theory) ကိုအသက်သွင်းဖို့ ချိန်ဆနေတာကို တွေ့ရတယ်။ (ထရမ့်တကျော့ပြန်သမ္မတ ရွေးချယ်ခံရမှု နဲ့အတူ ဆက်လိုက်လာမယ့် အနေအထားတွေကို ပြန်သုံးသပ်ဖို့တော့လိုပါမယ်။)

**တရုတ်ဝင်လာတဲ့ အမေရိကန်စီးပွားရေးဒုတိယလှိုင်း**

အမေရိကန်အရင်းလှိုင်း(၃)ခုမှာ တရုတ်ကို ထည့်ချိန်ဆကြည့်ရင် တရုတ်မှာ မော်စီတုန်းသေပြီး တိန့်ရှောင်ဖိန် အာဏာပြန်ရတဲ့ (၁၉၇၈)ကျမှ စီးပွားရေးပြောင်းလဲမှုတွေကို စလုပ်ဖို့ အရှိန်ယူကြတာ ဖြစ်တယ်။ တရုတ်လွတ်လပ်ရေးရတဲ့ (၁၉၄၉) ကနေ နောက်ထပ်အနှစ်(၃၀)လောက်ဟာ မော်စီတုန်းရဲ့ နိုင်ငံရေးစမ်းသပ်ချက်တွေနဲ့ ပြည့်နှက်နေခဲ့တာဖြစ်ပြီး အဲဒီခေတ်အကျပ်အတည်းတွေဟာ တိန့်ရှောင်ဖိန် ပြောင်းလဲရေးလုပ်ဖို့ တွန်းအားနဲ့ အရင်းအနှီးတချို့လည်း ဖြစ်ခဲ့ပုံရတယ်။ ဆိုတော့ တရုတ်ပြုပြင် ပြောင်းလဲရေးဟာ အမေရိကန်ရဲ့ ဒုတိယစီးပွားလှိုင်းအစနဲ့ တထပ်တည်းလောက်ကျတဲ့သဘောပါပဲ။

တိန့်ရှောင်ဖိန်ရဲ့ ကြောင်လက်သည်းဝှက်အယူအဆနဲ့ ကြောင်ဖြူချင်ဖြူမဲချင်မဲ အယူအဆတွေရဲ့ ဆယ်နှစ်ခရီးက တရုတ်စီးပွားရေးကို လှုန့်နှိုးနိုင်ခဲ့တယ်။ ရှေ့ထွက်တက်လာတဲ့စီးပွားရေးနဲ့ ကျန်နေတဲ့ နိုင်ငံရေးအဟောင်းဟာ (၁၉၈၉) မှာ တွန်းတိုက်မိကြတယ်။ နိုင်ငံရေးနဲ့ စီးပွားရေး တွန်းတိုက်မှု အကြား ပေါ်ထွက်လာတဲ့ တိန့်ရင်မင်အရေးအခင်းဟာ တိန့်ရှောင်ဖိန်နဲ့လီပင်းအတွဲရဲ့ ဖိနှိပ်မှုနဲ့ ကျဆုံးခဲ့တယ်။ တရုတ်နိုင်ငံရေးသစ်ရှာဖွေမှုဟာ အဲဒီကတည်းကနေ (၂၁)ရာစု လက်ရှိအချိန်အထိ စီးပွားရေးနဲ့ အမျိုးသားရေး လှုံ့ဆော်မှုအောက်မှာ ပျောက်ဆုံးခဲ့ရတယ်။

(၁၉၉၂) တောင်ပိုင်းခရီးနောက်မှာ တိန့်ရှောင်ဖိန်ဟာ နိုင်ငံရေးက အနားယူခဲ့ပြီး ကျန်ဇီမင်း (၁၉၉၂ - ၂၀၀၂) နဲ့ ဟူဂျင်တောင် (၂၀၀၂ - ၂၀၁၂) တို့ဟာ ကမ္ဘာထဲ လက်သည်းဝှက်၊ ခြေသံလုံဆိုတဲ့ တိန့်ရှောင်ဖိန် ကြောင်ဝါဒနဲ့ ဆက်လက်ရုန်းကန်ခဲ့ကြပြီး တရုတ်စီးပွားရေးဟာ သီးပွင့်ခဲ့တယ်။ ရှီကျင်းပင် (၂၀၁၂ - ) လက်ထက်မှာ တရုတ်ဟာ စီးပွားရေးအဆင်းခရီးရဲ့ အစကို စတင်ကြုံခဲ့ရတယ်။ သို့သော် ကိုဗစ်ဖြစ်လို့ တရုတ်အကျနဲ့ ကမ္ဘာကြီးအကျဟာ တထပ်တည်းလိုပြန်ကြုံရပြန်တယ်။ ဒီတော့ ကိုဗစ်ကို တရုတ် ဗိုင်းရပ်လို့ ပြောတာတွေဟာ ချင့်ချိန်ကြည့်နိုင်တဲ့ ကြည့်သင့်တဲ့ သဘောထားတွေဖြစ်လာခဲ့တယ်။

**မြန်မာ့ယဥ်ကျေးမှုနဲ့ နိုင်ငံရေးဆုံမှတ်များ**

ဒီခေါင်းစဥ်မှာ ယဥ်ကျေးမှုကို ဘာလို့ ထည့်သွင်းပြောရလည်းဆိုတော့ မြန်မာ့ယဥ်ကျေးမှု အပြောင်းအလဲဟာ (၂၀၁၀) နောက်ပိုင်းမှာ ထူးခြားပြောင်းလဲ ထွက်ပေါ်လာလို့ ဖြစ်တယ်။ (၂၀၁၀) နောက်ပိုင်းအတွေ့အကြုံတွေ၊ မျိုးဆက်

သစ်ရဲ့ ပြောင်းလဲလာတဲ့ အယူအဆနဲ့ သဘောထားတွေဟာ နွေဦးတော်လှန်ရေးရဲ့ ခိုင်မာတဲ့ အရင်းအနှီးတွေအဖြစ် တွေ့မြင်ရတယ်။ ဒါကို အစကောက်ဖို့ဆိုရင် (၁၉၇၀) လောက်ထိကို ပြန်စောင်းငဲ့ကြည့်ဖို့ လိုအပ်မယ်။

(၁၉၆၀) ကျော်မှာ ကမ္ဘာမှာ စီးပွားရေးဖွံ့ဖြိုးမှုမြင့်တဲ့ နိုင်ငံတွေရဲ့ လူမှုဝန်းကျင်နဲ့ လူ့အဖွဲ့အစည်း အတွင်းမှာ လူတွေရဲ့ နေထိုင်ပြောဆိုဆက်ဆံပုံတွေဟာ ပြောင်းလဲလာခဲ့တယ်။ အဓိကမှာတော့ ဒုတိယကမ္ဘာစစ်အပြီး အမေရိကန်အကူအညီပေးတဲ့ မာရှယ်စီမံကိန်းဟာ အနောက်ဥရောပကို စစ်တွင်းဆုံးရှုံးမှုတွေထဲက ပြန်လည် နိုးထစေခဲ့တယ်။ ဂျပန်လည်း ထို့အတူဖြစ်တယ်။ ဒါ့ကြောင့် ၁၉၄၅ ကနေ ၇၃ အထိကို အရင်းစနစ်ရဲ့ အအောင်မြင်ဆုံးအချိန်တွေအဖြစ် သတ်မှတ်ပြောဆို ခဲ့ကြတယ်။ အဲ့ဒီအရင်းစနစ် အအောင်မြင်ဆုံး အချိန်တွေရဲ့ နောက်ဆုံး (၁၀) နှစ်လောက် (ဆိုလိုတာ ၁၉၆၀ ပြည့်နှစ် တွေကနေ ၁၉၇၀ အစောပိုင်းအထိ) ဟာ အနောက်လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုပိုင်းကို ကောင်းစွာ သက်ရောက်မှု၊ ပြောင်းလဲမှု ဖြစ်စေခဲ့တာဖြစ်တယ်။

စစ်ဘေးဒဏ်ခံခဲ့ရတဲ့ ပြင်သစ်နဲ့ စစ်ရှုံးနိမ့်မှုနဲ့ ပြန်လည်ထူထောင်ရေးလုပ်တဲ့ ဂျာမနီနိုင်ငံတွေဟာ ဥရောပအပြောင်းအလဲရဲ့ ဗဟိုချက်မဖြစ်တယ်။ ပြီးတော့ နောက်ပိုင်း ယဉ်ကျေးမှုနဲ့ အတွေးအခေါ်ပြောင်းလဲမှုရဲ့ အခြေခံအဖြစ်လည်း တွေ့ရမှာဖြစ်တယ်။ ၁၉၆၈ မေလ၊ ပြင်သစ်ကျောင်းသားလှုပ်ရှားမှုဟာ ၂၀၁၉ (ဟောင်ကောင်) နဲ့ ၂၀၂၁ (မြန်မာ) တော်လှန်ရေးတွေမှာ ပေါ်ခဲ့တဲ့ ခေါင်းဆောင်မှုမဲ့ ဆန္ဒပြမှုတွေရဲ့ ရှေးဦး သန္ဓေတည်ခဲ့တဲ့နေရာတွေဖြစ်တယ်။ ခေါင်းဆောင်မှုမဲ့သဘောတရားဟာ တီထွင်ဖန်တီးထားတာ မဟုတ်ပဲ လူ့အဖွဲ့အစည်းတခုရဲ့ ရောက်ရှိနေတဲ့အနေအထားနဲ့ ပိုလို့သက်ဆိုင်တဲ့ သဘောဖြစ်တယ်။ ဒါကြောင့် နိုင်ငံရေးဦးဆောင်မှုဆိုတာ လှုပ်ရှားမှုတွေရဲ့ နောက်ခံအခြေအနေတွေနဲ့ ဒီလှုပ်ရှားမှုတွေရဲ့ ယဉ်ကျေးမှု အတွေးအခေါ် အယူအဆအဆက်အစပ်တွေကို နားလည်နိုင်စွမ်းရှိဖို့လိုတယ်။

မြန်မာစာပေမှာ ၁၉၇၀ ဝန်းကျင်ဟာ သိသာထင်ရှားတဲ့ ပြောင်းလဲမှုတွေ အစပြုခဲ့တယ်။ မြန်မာစာပေ အပြောင်းအလဲဟာ ကဗျာကစတယ်၊ စာပေမဟုတ်ဘူးပြောရင် (၁၉၇၀) ရှေ့က အပြောင်းဟာ ပန်းချီဖြစ်နိုင်ပြီး ဝတ္ထုတိုအပြောင်းအလဲဟာ အဲဒီအချိန်နဲ့ မရှေးမနှောင်းသို့မဟုတ် နောက်ပိုင်းမှာ ပေါ်ထွက်လာတယ်။ လူတွေရဲ့ ကဗျာလင်္ကာသီကုံးဖွဲ့ဆိုမှုနဲ့ ဇတ်လမ်းဇတ်ကွက်တည်ဆောက်မှု မြင့်တက်လာတာဟာ တီထွင်ဖန်တီးနိုင်စွမ်းနဲ့ ထိုးထွင်းသိမြင်မှုမြင့်တက်လာတာဖြစ်ပြီး ယဉ်ကျေးမှု မြင့်တက်မှုလို့ နားလည်နိုင်တာမျိုး ဖြစ်တယ်။

သို့သော် (၁၉၇၀) ပတ်ဝန်းကျင် မြန်မာပြည် ယဉ်ကျေးမှုအပြောင်းအလဲဟာ အနောက်လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုအပြောင်းအလဲနဲ့ မတူဘူး။ အနောက်အပြောင်းအလဲဟာ မော်ဒန်ကနေ ပို့စ်မော်ဒန်ကို ပြောင်းလဲတာဖြစ်ပြီး မြန်မာအပြောင်းအလဲဟာ ပရီမော်ဒန်ကနေ မော်ဒန်ကို ပြောင်းလဲတာ ဖြစ်တယ်။ ဒီနေရာမှာ မော်ဒန်ဆိုတာ စိတ်ပိုင်းဆိုင်ရာမှာ ဆင်ခြင်တုံတရားရဲ့ အခန်းဂဏ္ဍ ပိုအားကောင်းလာတာကို ပြောလိုရင်းဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာမှာ လှည်းကနေကား၊ လှေကနေ သင်္ဘောစသည်ဖြင့် စက်မှုအခြေပြု သိပ္ပံသဘောထွန်းကားလာမှုကို ဆိုလိုတယ်။ ပို့စ်မော်ဒန်လို့ ခေါ်တဲ့ မော်ဒန်လွန်ပြောင်းလဲမှုဟာ စက်မှု အခြေပြု ယာဉ်ရထားနဲ့မော်တော်ကားတွေကနေ စက်မှုလွန်ဆက်သွယ်ရေးစနစ်တခု (ဥပမာ ဖုန်း၊ တီဗွီ၊ ဝိုင်ယာလက် စသည်) ကို ကူးပြောင်းလာတာ ဖြစ်တယ်။ တနည်း စက်မှုနဲ့ရုပ်ပိုင်းဆိုင်ရာ စီးပွားရေးကနေ စက်မှုလွန် ဝန်ဆောင်မှု လုပ်ငန်းတွေ (ဥပမာ ဟိုတယ်၊ ခရီးသွားလာရေး၊ ကျန်းမာရေး ဝန်ဆောင်မှု စတာတွေ) ကို ကူးပြောင်းကြတာ ဖြစ်တယ်။

နိုင်ငံရေးမှာ မော်ဒန်ဆိုတာ ကိုလိုနီလက်အောက်က လွတ်မြောက်ဖို့ ရုန်းကန်ရတဲ့ ဖြစ်စဥ်နဲ့ ကိုလိုနီလွန် ပြည်တွင်း အကျပ်အတည်းတွေကို ဆက်လက်ရင်ဆိုင်ရတာဖြစ်တယ်။ မြန်မာပြည်မှာ လွတ်လပ်ရေး နောက်ပိုင်း ပါလီမန်ဒီမိုကရေစီနဲ့ စစ်တပ်ကအာဏာသိမ်းလိုက်တဲ့နောက် ရင်ဆိုင်ရတာတွေဟာ မော်ဒန် နိုင်ငံရေးဖြစ်တယ်။ မြန်မာနိုင်ငံရေးဟာ မော်ဒန်အတွေးအခေါ်က မလွတ်ကင်းနိုင်တာဟာ စစ်တပ်က နိုင်ငံရေးထဲ ကြားဝင်နေတာရဲ့ အကျိုးဆက်တခုဖြစ်တယ်။ မော်ဒန်နိုင်ငံရေးရဲ့ အယူအဆတွေက လွတ်လပ်ရေးနဲ့အဆက်အစပ်တွေလို့ဆိုရင် ပို့စ်မော်ဒန်နိုင်ငံရေးရဲ့ အခေါင်အချုပ်ကတော့ လူ့အခွင့်အရေးဖြစ်တယ်။ သူနဲ့ဆက်စပ်လာတဲ့ ကျားမနိုင်ငံရေး (Gender Politics)၊ အမျိုးသမီး တန်းတူညီမှုဝါဒ (Feminism)၊ လူ့ပင်ကိုယ်ဗီဇလက္ခဏာနိုင်ငံရေး (Identity Politics၊ လူမျိုးစုကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကနေ လိင်တူနိုင်ငံရေးအထိ ကျယ်ပြန့်) တို့ဖြစ်တယ်။

အနောက်မှာ (၁၉၇၀) မတိုင်ခင်ကရတဲ့ ယဉ်ကျေးမှုအပြောင်းအလဲက ပို့စ်မော်ဒန်ဖြစ်ပြီး မြန်မာမှာ (၁၉၇၀)က ရတဲ့ နိုင်ငံရေးဆိုတာ မော်ဒန်နိုင်ငံရေးဖြစ်တယ်။ စက်မှုစီးပွားဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ (၁၉၇၀) မတိုင်မီ အပြောင်းအလဲဟာ (၁၉၉၀) ပြည့်နှစ်တွေမှာ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့အတူ နောက်ထပ် အဆင့်

တခုကို မြင့်တက်လာခဲ့တယ်။ မြန်မာမှာ အဲဒီအပြောင်းအလဲကို (၁၉၈၈) လှုပ်ရှားမှုကြီး အပြီး နောက်ကလိုက်ဖို့ အခြေအနေတွေ ဖြစ်ထွန်းခဲ့ပေမယ့် စစ်တပ်အာဏာသိမ်းမှုနဲ့ ၁၉၉၀ ရွေးကောက်ပွဲ အပြီး စစ်တပ်ဖိနှိပ်မှုတွေကြောင့် တိုင်းပြည်ဟာ ရှေ့ဆက်မတက်ပဲ နောက်ပြန်လှည့်လည် နေခဲ့ရ ပြန်တယ်။ ဒီအခြေအနေတွေအားလုံးဟာ ၂၀၁၀ ဘောင်းဘီချွတ်စစ်တပိုင်းအစိုးရရဲ့ ကနဦးပြောင်းလဲမှုတွေ အောက်မှာ နိုင်ငံဟာ အတိုင်းအတာတခုအထိ ပြန်လည်ပွင့်လင်းလွတ်လပ် လာခဲ့တာကို တွေ့ရတယ်။ သို့သော် ပြောင်းလဲမှုဟာ ခွေးမြီးကောက်ကျည်တောက်စွပ်ဖြစ်ခဲ့ရတယ်။ စစ်တပ်အင်စတီကျူးရှင်းသဘောသဘာ၀နဲ့ အာဏာပါ၀ါကို အသုံးပြုပြီး တိုင်းပြည်ကြွယ်ဝမှုကို ခြစားအမြွေရယူမှုအောက်မှာ ၂၀၁၀ အပြောင်းအလဲဟာ အရာမထင်ခဲ့ဘူး။ တခုပြောနိုင်တာက မြန်မာလူငယ်တွေရဲ့ ယဉ်ကျေးမှု အပြောင်းအလဲနဲ့ ကမ္ဘာကြီးနဲ့ ဂလိုဘယ်လိုက်ဇေးရှင်းကို ချိတ်ဆက်မှုဟာ ၂၀၁၀မှာ အစပြုတယ်။ မြန်မာ့ဥာဏ်အလင်းပွင့်ခေတ်ဟာ ၂၀၁၀ ပတ်ဝန်းကျင်မှာအစပြုတယ်လို့ ကောက်ယူရမှာဖြစ်တယ်။

မျိုးဆက်သတ်မှတ်ချက်အရ ဂျင်းဇီးမျိုးဆက်ဟာ ၁၉၉၆မှာ စတင်ပြီး ကနေ့မှာ အသက်(၂၈) နှစ်နဲ့ အောက်လူငယ်တွေဖြစ်တယ်။ မြန်မာမှာ (၁၉၉၀) ပြည့်နှစ်တွေဟာ ဂလိုဘယ်လိုက်ဇေးရှင်းလှိုင်းနဲ့အတူ မော်ဒန်အသိအမြင် အမြင့်ဆုံးကို တက်ခဲ့တဲ့ အချိန်တွေဖြစ်ပြီး ပို့စ်မော်ဒန်ကို ကူးပြောင်းဖို့ စတင် နားစွင့်ခဲ့တဲ့ အချိန်တွေ ဖြစ်ပေမယ့် စစ်အာဏာသိမ်းအစိုးရရဲ့ နိုင်ငံရေးဖိနှိပ်မှုအောက်မှာ ကမ္ဘာနဲ့ အဆက်ပြတ် နေခဲ့ရပြန်တယ်။

### ဝိုင်တူးကေ၊ ဒစ်ဂျစ်တယ်ကမ္ဘာသို့ဝင်ရောက်ခြင်း

သက္ကရာဇ်၂၀၀၀ ပြည့်နှစ်နဲ့ပတ်သက်လို့ တကမ္ဘာလုံးကို အရိပ်ထိုးခဲ့တဲ့ စိုးရိမ်ကြောင့်ကြမှု တခု ရှိခဲ့တယ်။ Y2K ဆိုတဲ့ ပြဿနာပါ။ Y2K မှာ K ဆိုတာ ကီလို (Kilo) ကို အတိုကောက်ဆိုလိုတာဖြစ်ပြီး ထောင်ဂဏန်း (မီတာ ၁၀၀၀ကို ၁ကီလိုမီတာ ရှိတယ်ဆိုတဲ့သဘော) လို့ အဓိပ္ပါယ်ရတယ်။ ဒီတော့ Y2K ဆိုတာက Year 2000 လို့ဆိုလိုပြီး သက္ကရာဇ် ၂၀၀၀ပြည့် ဆိုတာပါပဲ။ ဘာထူးလို့လည်း ဆိုရင် တခါတရံမှာ ခုနှစ်တွေကို ဖော်ပြတဲ့ အခါ ၄လုံးစလုံးမရေးပဲ အတို၂လုံးပဲ ဖော်ပြလေ့ ရှိတယ်။ ဥပမာ ၁၉၉၀ကို အလွယ် ၉၀လို့ပဲ ရေးတယ်။ ၂၀၂၁ကို ၂၁လို့ပဲ ရေးတယ်။

ကွန်ပြူတာတွေနဲ့ ကွန်ပြူတာနဲ့ ဆက်စပ်လုပ်ငန်းတွေမှာ အဲလိုရေးတဲ့အခါ ၀၀ ကို ၂၀၀၀ လို့နားမလည်ပဲ ၁၉၀၀ လို့နားလည်သွားမှာစိုးလို့ ဖြစ်တယ်။ ဒါက ကွန်ပြူတာနဲ့အစီအစဥ်ချမှတ် (ပရိုဂရမ်သွင်း) လုပ်တဲ့ လုပ်ငန်းတွေအားလုံးကို သက်ရောက်မှုဖြစ်တယ်။ စက်ရုံတွေမှာ စက်တွေ ရပ်ကုန်နိုင်တယ်။ လမ်းမှာ မောင်းနေတဲ့ ကားတချို့ ရပ်သွားနိုင်တယ်။ နောက်ဆုံး နျူကလီးယားစက်ရုံတွေနဲ့ စက်ပစ္စည်းတွေလို အန္တရာယ်ကြီးတဲ့လုပ်ငန်းတွေမှာ ကမောက်ကမ ဖြစ်ကုန်နိုင်တယ် စသည်ဖြင့်ပေါ့။ ဒီပြဿနာက ဘာကို ဖော်ပြလည်းဆိုတော့ သက္ကရာဇ် (၂၀၀၀)မှာ ကမ္ဘာကြီးဟာ ဒစ်ဂျစ်တယ်ကမ္ဘာကြီး အဖြစ်ကို တွင်ကျယ်စွာ ရောက်ရှိနေခဲ့ပြီ ဆိုတာပါပဲ။

တကယ်တမ်းပြောရရင် (၁၉၇၀) ပြည့်နှစ်တွေမှာ အီးမေးစပေါ်တယ်၊ (၁၉၉၀) ပြည့်နှစ်တွေမှာ အင်တာနက်တယ်လီဖုန်း ခေါ်ဆိုမှုတွေ စရနေပြီဖြစ်တယ်။ သို့သော် အသုံးမတွင်ကျယ် သေးဘူး။ တကယ့်ကို နည်းပညာသုံးလုပ်ဖို့လိုနေတဲ့ကုမ္ပဏီတွေ၊ စက်မှုဖွံ့ဖြိုးတဲ့ နိုင်ငံကြီးတွေမှာကို စသုံးခါစပဲရှိသေးတယ်။ ဘလူးတုသ် (Bluetooth) နည်းပညာ (ဖုန်း၂လုံး ဝိုင်ယာကြိုးမလိုပဲ အချက်အလက်တွေ လဲလှယ်နိုင်တာ) က ၁၉၉၉ မှာစတယ်။ အင်တာနက်ဘရော့ဘင် (Broadband - အိမ်မှာ လိုင်းတပ် ထားတာ၊ အင်တာနက်ကို လက္ကားယူတဲ့ သဘော၊ ဒေတာဝယ်သုံးတာက လက်လီ) က ၂၀၀၀ မှာ စတယ်။ ဘာထူးလည်းမေးရင် အလွယ်ပြောတော့ အင်တာနက်တွေပိုမြန်လာတယ်။ စကိုက် (Skype - ၂၀၀၃)၊ ဖဘ (Facebook - ၂၀၀၄)၊ ယူကျူ (YouTube - ၂၀၀၅) အိုင်ဖုန်း (iPhone - ၂၀၀၇) စသည်ဖြင့် ပေါ်လာတယ်။ ဒစ်ဂျစ်တယ်ပိုက်ဆံလို့ အခုနာမည်ကြီးနေတဲ့ ဘစ်ကွိုင် (Bitcoin) က ၂၀၁၁ မှာ မထင်မရှား စပေါ်လာပြီး ဂိုဂယ်က မောင်းသူမဲ့ကား တွေကို ၂၀၁၂မှာ စစမ်းတယ်။ ၂၀၀၀ ကနေ ၂၀၁၀ အတွင်းပေါ်လာတာတွေက ဒီနေ့မှာ အသုံးတွင်ကျယ် နေပြီဆိုတော့ ၂၀၁၀ ကျော်မှာပေါ်တဲ့ ဒစ်ဂျစ်တယ် ပိုက်ဆံတို့ မောင်းသူမဲ့ကားတို့ဟာ ၂၀၂၀ နဲ့ ၂၀၃၀ ကြားထဲမှာ အထိုင်ကျလာနိုင်တဲ့သဘောတော့ရှိတယ်။

ဒစ်ဂျစ်တယ်နည်းပညာဆိုတာ ဘာလည်းလို့ အနှစ်ချုပ်ကြည့်တော့ အကောင်အထည်မဲ့ ရုပ်ဝတ္ထုမဲ့ သဘာဝ လွှမ်းမိုးလာတာပဲ။ ဖဘ မှာ ခင်ဗျားကျင်လည်နေတာဟာ ဒစ်ဂျစ်တယ်ဘဝဖြစ်တယ်။ လူတယောက်ဟာ ဒစ်ဂျစ်တယ်ကမ္ဘာမှာ ဒစ်ဂျစ်တယ်ဘဝများစွာ ဖန်တီးထားနိုင်တယ်။ ဟုတ်တယ်၊ ကျနော်တို့ဟာ ပိုက်ဆံတွေကို ကိုင်သုံးစရာမလိုပဲ ကိန်းဂဏန်းတချို့ကို စက်ထဲရိုက်သွင်းလိုက်ရုံနဲ့ အပ်ချည်လုံးလို ပစ္စည်းလေးတခုက စပြီး လေယာဥ်ပျံအထိဝယ်လို့ရလာတယ်။ ကလစ်တချက် လုပ်လိုက်

တာနဲ့ ကျနော်တို့နဲ့ ကမ္ဘာကြီးဟာ ကွန်ပြူတာထဲမှာ၊ မိုဘိုင်းဖုန်းထဲမှာ တိုးလျှိုပေါက် ဆက်သွယ်ကြည့်လို့ ရနေကြပြီ။

ဘဏ်ခားမြတွေက အရင်လို ပိုက်ဆံအိတ်ကြီးတွေ ထမ်းပြီး ကားတွေ တဝီဝီမောင်းထွက်ပြေး ရဲတွေက နောက်ကလိုက်တဲ့ ရုပ်ရှင်ကားတွေထက်စာရင် ကွန်ပြူတာထဲကနေ သန်း၅၀၀လွှဲပေးပါလို့ တောင်းလာ ကြပြီ။ ကမ္ဘာ့နာမည်ကြီး ပေါ်ပြူလာအနုပညာရှင် အင်ဒီဝါးဟိုးက ပြောခဲ့တယ်။ နောင်တနေ့ ကမ္ဘာကြီးမှာ ဘယ်သူမဆို (၁၅) မိနစ် နာမည်ကြီးဖို့ အခွင့်အလမ်းရှိနေတယ်တဲ့။ အဲဒါ ဒစ်ဂျစ်တယ်ပါပဲ။ မော်တော်ကား မောင်းဖို့ လူမလိုတော့ဘူး၊ ပိုက်ဆံတွေကို အစိုးရပဲလုပ်ခွင့်ရှိတာမဟုတ်တော့ဘူး။ သူနဲ့ အပြိုင်လုပ်တဲ့ လူတွေပေါ်လာတယ်။ ချစ်တင်းနှီးနှောဖို့အတွက် မိုင်ရာချီဝေးနေတဲ့ လူနှစ်ယောက် နားကျပ်တခုစီတပ် အင်တာနက်ထဲပလပ်ထိုးပြီး ခလုတ်တခုနှိပ်ရင် ရနိုင်လာတဲ့သဘောဖြစ်တယ်။ ဒစ်ဂျစ်တယ် နည်းပညာ အပြောင်းအလဲဟာ အရင်ကပြောင်းတာတွေနဲ့ လုံးလုံးလျားလျား မတူတော့ဘူး။

ဒီနေ့မှာ လူသားရဲ့ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး ဝန်ဆောင်မှုနဲ့ ပညာရေးစတာတွေမှာ အင်တာနက်နဲ့ ဒစ်ဂျစ်တယ်လွှမ်းမိုးမှုဟာ မရှိမဖြစ်လို အနေအထားကို ရောက်ရှိလာခဲ့ပြီ ဖြစ်တယ်။ အဲဒီအနေအထားတွေ အားလုံးကို ပိုပြီးတွန်းအားပေးခဲ့တာ၊ လူတွေကို အွန်လိုင်းပေါ်မှာ အလုပ်လုပ်တတ် နေတတ်စားတတ်အောင် သင်ကြားပေးခဲ့တာက (၂၀၁၉)နှစ်ကုန်ပိုင်းမှာ စခဲ့တဲ့ ကိုဗစ်(၁၉)ပါပဲ။ သို့သော် ကိုဗစ်(၁၉) ကျန်းမာရေးပိုင်း ဆိုတာထက် သူ့အရင်လူတွေ ရုပ်ပိုင်းဆိုင်ရာ အရကို ကမ္ဘာထဲလှည့်ပတ်သွားလာကြတဲ့ ခေတ်ကြီးတခု ထွန်းကားလာတဲ့အကြောင်းကို အရင်ပြောဖို့ လိုမယ်။ ဂလိုဘယ်လိုက်ဖေးရှင်းပါ။

ကျော်ဇောခိုင်



## ကိုယ့်ထံ အိတ်ဖွင့်ပေးစာ (၁)

ကိုယ်ရေ

အခုဆိုရင် တော်လှန်ရေးဟာ စတုတ္ထမြောက်နှေဦးကို ချဉ်းကပ်လာပြန်ပြီ။ အခက်အခဲမျိုးစုံ ကြားထဲကနေ ရုန်းကန်ခဲ့ရပေမယ့် ယခုအခြေအနေအထိ ရှင်ကျန်ရပ်တည်ရင်း တိုက်ပွဲဝင်နေတဲ့ ကိုယ်တို့လို ရဲဘော်တွေဟာ အချိန်ကာလနဲ့ ယုံကြည်ချက်တို့ရဲ့ မေးခွန်းတွေကို ကျော်ဖြတ်လာနိုင်တာကြောင့် ယခုအခါမှာ လူငယ်ခေါင်းဆောင် သို့မဟုတ် ခေါင်းဆောင်ငယ်တွေအဖြစ် တာဝန်ကိုယ်စီ ထမ်းပိုးလာကြရခြင်းသည် အဖွဲ့အစည်းစနစ်ရဲ့ ဓမ္မတာပဲဆိုတာကို သိထားရမယ်။ တော်လှန်ရေးရဲ့ အောင်မြင်မှုကို ဆုံးဖြတ်ရာမှာ အရေးပါတဲ့ သက်ရောက်မှုတစ်ခုကတော့ စုဖွဲ့မှုပါပဲ။ စုဖွဲ့မှုများလာခြင်းသည် အင်အားတောင့်တင်းခြင်းကို ပြသနိုင်ပေမယ့် အားနည်းချက်အနေနဲ့ သင့်တော်ညီညွတ်တဲ့ ခေါင်းဆောင်မှု မပေးနိုင်ရင် အကျိုးဖြစ်ထွန်းမှု နည်းပါးနိုင်တာကို သတိချပ်ရမယ်။ ဒါကြောင့် ကိုယ်တို့သိထားသင့်တဲ့ တော်လှန်ရေးကာလတွင်းမှာ လူငယ်ခေါင်းဆောင်မှုရေးရာတွေကို မေတ္တာရှေ့ထားပြီး ရေးသားအပ်ပါတယ်။

တော်လှန်ရေးဆိုတာက ဖျက်စီးလိုခြင်း ဆိုတာထက် ကူးပြောင်းလိုခြင်းက ပဓာန ဖြစ်တယ်။ ကူးပြောင်းမှုနဲ့ ပြောင်းလဲမှုတွေရဲ့နောက်မှာ ခေတ်အဆက်ဆက် လူငယ်တွေရဲ့ သွေးချွေးတွေကို အသုံးချခဲ့ရတာချည်းပဲ။ နိုင်ငံရေးလွတ်လပ်ခွင့်ကြောင့်ပဲ တိုက်ပွဲဝင်ဝင်၊ တရားမျှတမှုအတွက်ပဲ တိုက်ပွဲဝင်ဝင် "ပိုနေမြဲ ကျားနေမြဲဝါဒ" ကို စိန်ခေါ်နေတဲ့ လူငယ်

ခေါင်းဆောင်တွေကို အထင်အရှား မြင်တွေ့နေရတတ်ပါတယ်။ လူငယ်တွေရဲ့ ခေါင်းဆောင်မှုဆိုတာက တားဆီးငြင်းပယ်လို့ မရတန်ကောင်းပါဘူး။ ဒါကြောင့် လည်း ထူးချွန်ပြောင်မြောက်တဲ့ ခေါင်းဆောင်ကောင်းတွေကို မွေးထုတ်ပေးခြင်းသည်သာလျှင် တော်လှန်ရေးရဲ့ အောင်မြင်ရာလည်း ဖြစ်လာတာပေါ့။

လူငယ်ဆိုတာက ပြောင်းလဲလာမှာကို ထိုင်စောင့်နေဖို့ မသင့်ပါဘူး။ တီထွင်ဆန်းသစ်မှုတွေ၊ တက်ကြွလှုပ်ရှားမှုတွေ၊ ဆန့်ကျင်ကန့်ကွက်မှုတွေနဲ့ လူငယ်ဆန်နေဖို့ လိုအပ်ပါတယ်။ လူငယ်ဆိုတာက စစ်အာဏာရှင်ကိုမှ မဟုတ်ပါဘူး၊ ကိုယ့်ရဲ့ ပျင်းတတ်တဲ့ စိတ်နဲ့ အချိန်စွဲလိုတဲ့ စိတ်ကိုပါ တွန်းလှန်တိုက်ခိုက်ကြဖို့ လိုပါတယ်။ လူငယ်ခေါင်းဆောင်တွေရဲ့ စွမ်းပကားကို အစိုးရတိုင်း၊ အဖွဲ့အစည်းတိုင်း၊ စနစ်တိုင်းက ကြောက်ရွံ့ကြရတာပါ။ လူငယ်တွေရဲ့ ဖေါက်ထွက်တွေးခေါ်နိုင်စွမ်း ကြောင့်လို့ ယေဘုယျပြောနိုင်ပါတယ်။ ရှိရင်းစွဲအခြေအနေတွေကို ပြောင်းလဲလိုတဲ့ ရှုမြင်မှုကြောင့် ဆန်းသစ်တဲ့ ရှုထောင့်အမြင်တွေနဲ့ လေးနက်တဲ့ အတွေးအခေါ်တွေကို ဖန်တီးပေးနိုင်တာကြောင့် ဖြစ်မယ်ထင်ပါတယ်။

ခေါင်းဆောင်ဆိုတာ ကြီးသည်၊ ငယ်သည်ဟူ၍ သီးခြားသတ်မှတ်ချက် မရှိပေမယ့် ခေါင်းဆောင်တိုင်း ပြုကျင့်ရမယ့် အမူအကျင့်သတ်မှတ်ချက်တွေ ရှိပါတယ်။ ခေါင်းဆောင် ဆိုတာက နေရာယူ ထားရုံပဲ မဟုတ်ပါဘူး။ ကိုယ်ကိုယ်တိုင်က အခြားသူတွေကို ဦးဆောင် ဦးရွက်ပြုနိုင်ဖို့ ဥပမေယျဂုဏ်မြောက်အောင်နေပြရတာကို။ လူငယ်ဖြစ်နေသေးတဲ့ အတွက် လူအများနဲ့ ပေါင်းသင်းလုပ်ကိုင်လိုစိတ် များနေနိုင်သေးတာရယ်၊ လုပ်နိုင်ကိုင်နိုင်တဲ့ ခွန်အားတွေရှိနေသေးတာရယ်ကြောင့် ထိထိရောက်ရောက်နဲ့အများလေးစားအောင်သာ ပြုကျင့်နိုင်ရင် တိုင်းပြည်အနာဂတ်အတွက် ရတတ်အေးလာစေမယ့် မျိုးဆက်တစ်ခုကို ဦးဆောင်လာနိုင်မယ်။ ထိရောက်ပြီးတော့ အများလေးစားစေမယ့် အပြုအမူနဲ့အရည် အသွေးဆိုတာတွေက လေ့ကျင့်လို့ရပါတယ်။ ကိုငယ်သိထားရမှာက လူတိုင်းက ပြီးပြည့်စုံနေတာမျိုး မရှိနိုင်ဘူးလေ။ “ကောင်းအောင်ကြိုးစားနေတဲ့ လူဟာ လူကောင်းပဲ” ဆိုတဲ့ စကားလိုပေါ့။ ဒီနေ့ကစပြီးတော့ အောက်မှာဖေါ်ပြမယ့် ခေါင်းဆောင်ကောင်းတွေရဲ့ အမူအကျင့်တွေကို ပြုကျင့်ဖို့ကြိုးစားမယ်ဆိုရင် ကိုငယ်ဟာလအနည်းငယ်အတွင်းမှာပဲ သိသာတဲ့ ရလဒ်တွေကို ရလာလိမ့်မယ်။

(၁) **တည်ကြည်မှု** (Integrity) **ရှိပါ။**

တည်ကြည်မှုဆိုတာက ရိုးသားခြင်း၊ ကျင့်ဝတ်လိုက်နာခြင်းနဲ့ တည်တည်ငြိမ်ငြိမ် နေထိုင်ခြင်းပါပဲ။ ဘယ်သူမှ စောင့်ကြည့်မနေစေကာမူ မှန်မှန်ကန်ကန် ပြုမူနေထိုင်ခြင်းလို့လည်း သတ်မှတ်နိုင်တယ်။ ခေါင်းဆောင်ငယ်ဘဝမှာ လူအများရဲ့ ယုံကြည်မှုနဲ့လေးစားမှုကို ရနိုင်ဖို့ဆိုတာက တည်ကြည်မှု ရှိမှပဲ ဖြစ်နိုင်မယ်။ တည်ကြည်မှုရှိလာအောင် ဘယ်လိုလေ့ကျင့်ရမလဲ။ အလွယ်ဆုံးကတော့ ကိုယ့်ရဲ့လုပ်ရပ်တိုင်းနဲ့ စကားလုံးတိုင်းကို ရိုးရိုးသားသားဖြစ်ပါစေ။ ကိုယ့်အမှားတွေကို ဝန်ခံတတ်ပါစေ။ ဆုံးဖြတ်ချက် ချမှတ်ရာမှာလည်း စည်းမျဉ်းနဲ့အညီ ဆောင်ရွက်ပါ၊ ပုဂ္ဂလအကျိုးစီးပွားကို ပယ်နိုင်ပါစေ။

(၂) **ကိုယ်ချင်းစာစိတ်** (Empathy) **ရှိပါ။**

ကိုယ်ချင်းစာစိတ်ရှိမှ တစ်ဘက်သားရဲ့ စိတ်ခံစားမှုကို ထည့်တွေးပေးနိုင်ပါတယ်။ ကူညီဖေးမတတ်တဲ့ ပတ်ဝန်းကျင်ကို တည်ဆောက်နိုင်လာမယ်။ လူတိုင်းပါဝင်နိုင်မယ့် စနစ်တွေကို တည်ဆောက် နိုင်လာမယ်။ ကိုငယ်တို့လို နောက်ကြောင်းရာဇဝင် ကွဲပြားခြားနားတဲ့ လူပုဂ္ဂိုလ်တွေနဲ့ အလုပ်တွဲလုပ်ဖို့တာဝန်ရှိတဲ့ ခေါင်းဆောင်ငယ်တွေမှာ ကိုယ်ချင်းစာစိတ်ရှိဖို့က ပိုအရေးကြီးတယ်။ ကိုယ်ချင်းစာစိတ်ရှိမှ သူတစ်ဘက်သားရဲ့ အမြင်နဲ့ စိတ်ခံစားချက်ကို ထည့်တွေးပေးနိုင်မယ်။ ကိုယ်ချင်းစာစိတ်ရှိလာဖို့အတွက် အဓိကနဲ့ အရေးအကြီးဆုံး အချက်ကတော့ သူတစ်ပါးပြောတာကို တက်တက်ကြွကြွ နားထောင်ဖို့ပဲ။ တက်တက်ကြွကြွနားထောင်မှသာ ဆိုလိုရင်းကို သဘောပေါက်နားလည်နိုင်တာကြောင့် သူတစ်ပါးရဲ့ စိတ်ခံစားချက်နဲ့လိုအပ်ချက်ကို သိရှိသဘောပေါက်နိုင်မယ်။

(၃) **သူတစ်ပါးကို လေးစားပါ** (Respect) ။

ခေါင်းဆောင်ကောင်းဆိုတာက သူတစ်ပါးကို လေးလေးစားစား ဆက်ဆံရတယ်။ ဘယ်လိုလူပဲဖြစ်ပါစေ၊ ဘယ်လိုနောက်ကြောင်းရာဇဝင်နဲ့ပဲ ဖြစ်ပါစေ၊ ဘယ်လောက်ပဲ ကွဲပြားခြားနားတဲ့လူဖြစ်ပါစေ အရိုအသေမတန်ဖို့လိုတယ်။ ကြီးသူကိုရိုသေဖို့ ဝန်မလေးပေမယ့် ငယ်သူကိုလေးစားဖို့ စိုးရွံ့တတ်ကြတာ လူ့သဘာဝပါပဲ။ ခေါင်းဆောင်လုပ်ချင်ရင်တော့ လေးစားတတ်ဖို့လိုမယ်။ လေးလေးစားစား ဆက်ဆံမှသာ လူတွေက တန်ဖိုးထားခံရတယ်လို့ ယုံကြည်လာတာကြောင့် မိမိနဲ့ ပူးပေါင်းဆောင်ရွက်လိုစိတ် ဖြစ်ထွန်းလာမယ်။ လေးစားတတ်ဖို့အတွက် လေ့ကျင့်မယ်ဆိုရင် သူတစ်ပါးရဲ့ ကူညီစောင်မမှုကို အသိအမှတ်ပြုတတ်ပါစေ။ အများသူငှါနဲ့ ပြောဆိုဆက်ဆံရာမှာ ယဉ်ကျေးမှုရှိရှိ ပြုမူတတ်ပါစေ။ တွေးခေါ်ကြံဆပုံနဲ့ယဉ်ကျေးမှု မတူညီတာ၊ အတွေ့အကြုံ ကွဲပြားတာတွေကို နားလည်မှု ရှိတတ်ပါစေ။

(၄) **ဆက်သွယ်မှုစွမ်းရည်** (Communication Skills) **ရှိပါ။**

ထိရောက်တဲ့ဆက်သွယ်မှုဆိုတာက ခေါင်းဆောင်တွေအတွက် မရှိမဖြစ်တဲ့ လိုအပ်ချက်ပါ။ အလုပ်ဖြစ်အောင် လုပ်နိုင်ဖို့ဆိုရင် ထိထိရောက်ရောက် ဆက်သွယ်ပြောဆိုဖို့ လိုပါတယ်။ လူတိုင်းက စာမျက်နှာတူနေဖို့ လိုတယ်လေ။ သူတစ်ပါးပြောတဲ့ စကားကို တက်တက်ကြွကြွ နားထောင်ပေးတဲ့ အပြင် ကိုယ့်ရဲ့ အမြင်ကိုလည်း ရေရေရာရာ ပြန်ပြောပြနိုင်ရမယ်။ ဆက်သွယ်မှုစွမ်းရည် တိုးတက်လာ ဖို့အတွက် စကားပြောရာမှာ ရှင်းရှင်းလင်းလင်းနဲ့ ရေရေရာရာ ပြောတတ်ပါစေ။ သူတစ်ပါးရဲ့ တုံ့ပြန် အကြံပြုချက်တွေကို နားထောင်တတ်ပါစေ။

(၅) **ပြုလွယ်ပြောင်းလွယ်မှု** (Adaptability) **ရှိပါ။**

ဘယ်အရာကိုမှအစိုးမရပါဘူး။ အမြဲတစေပြောင်း လဲနေတတ်တဲ့ လောကရဲ့သဘာဝကို သတိချပ်ပါ။ အပြောင်းအလဲတွေနဲ့ အတားအဆီးတွေကို ကြုံတွေ့ရတိုင်းမှာ စိန်ခေါ်မှုအဖြစ် မြင်နိုင်ပါစေ။ စိန်ခေါ်မှုတစ်ခုကို ကျော်ဖြတ်ပြီးချိန်တိုင်းမှာ ကိုယ်တို့ဟာ အတွေးအခေါ်တစ်ဆင့်မြင့် သွားပြီလို့ ယူဆနိုင်တယ်။ ခေါင်းဆောင်တွေက ပြုလွယ် ပြောင်းလွယ်ရှိမှသာ ခက်ခဲတဲ့ကာလတွေမှာ ယုံကြည်မှုနဲ့ ရည်မှန်းချက်ကို ထိန်းသိမ်းထားနိုင်မယ်။ ပြုလွယ်ပြောင်းလွယ်ရှိဖို့အတွက် အပြောင်းအလဲတွေ၊ ကွဲပြားခြားနားမှုတွေနဲ့ ကြုံတွေ့ရတိုင်းမှာ တည်ကြည်မှုကို ထိန်းထားနိုင်ပါစေ။ စိတ်ကူးအကြံဉာဏ်သစ်တွေ၊ မဟာဗျူဟာသစ်တွေကို ကြုံတွေ့ရတိုင်းမှာ ရှောင်လွှဲဖို့ လွယ်လွယ်မတွေးပါနဲ့။ လုပ်ငန်းဆောင်တာတွေက စီစဉ်ထားတဲ့အတိုင်း၊ မျှော်လင့်ထားတဲ့အတိုင်း ဖြစ်မလာခဲ့ရင် စိတ်မပျက်ပါနဲ့။ ကြံ့ခိုင်မှုရှိရှိနဲ့ စိတ်ဓါတ်မာကြောမှုကို ပြသနိုင်ပါစေ။

(၆) **တာဝန်ခံမှု** (Accountability) **ရှိပါ။**

မိမိရဲ့ဆုံးဖြတ်ချက်တွေ၊ လုပ်ရပ်တွေနဲ့ ရလဒ်တွေကို တာဝန်ယူခြင်းသည် တာဝန်ခံမှု ရှိခြင်းပါပဲ။ ခေါင်းဆောင်ယ်တစ်ယောက်အနေနဲ့ တာဝန်ခံမှုကို ပြသပေးနိုင်ရင် ကိုယ့်ရဲ့အဖွဲ့ဝင်တွေကလည်း တာဝန်ယူလိုစိတ် ဖြစ်ထွန်းလာစေနိုင်တာကြောင့် စုဖွဲ့မှုကောင်းလာနိုင်ပါတယ်။ တာဝန်ခံမှုကို ပြသနိုင်ဖို့အတွက် အမှန်တကယ်လုပ်နိုင်မယ့် အလုပ်ကိုပဲ အာမခံတတ်ပါစေ။ လုပ်ငန်းတိုးတက်မှုကို မျက်ခြည် မပြတ်ပါစေနဲ့။ လုပ်ငန်းလုပ်ကိုင်ရတဲ့ ရည်စူးချက်ကို အပျောက်မခံပါနဲ့။ ဘာအမှားကိုပဲ ကြုံတွေရပါစေ တာဝန်ယူပါ၊ သင်ယူပါ။

(၇) **ပူးပေါင်းဆောင်ရွက်မှု** (Collaboration) **ရှိပါ။**

ခေါင်းဆောင်တယ်ဆိုတာက ရှိသမျှအလုပ်တွေ အကုန်လုံးကို သိမ်းကြုံးပြီးတော့ တာဝန်ယူလုပ်ကိုင်ရတာ မဟုတ်ပါဘူး။ လူတိုင်းပါဝင်နိုင်မယ့် စနစ်တစ်ခုကို တည်ဆောက်ပြီးတော့ ဘုံရည်မှန်းချက်တွေအပေါ်မှာ ပူးပေါင်းဆောင်ရွက်ရခြင်းပါ။ ခေါင်းဆောင်ကောင်းမှန်ရင် အသင်းအဖွဲ့စိတ်ဓါတ် ရှိရမယ်၊ ညှိနှိုင်းဆောင်ရွက်တတ်ရမယ်။ ညှိနှိုင်းတိုင်ပင်ပြီးတော့ ပူးပေါင်းဆောင်ရွက်နိုင်မှသာ ခေါင်းဆောင်ရဲ့ ဂုဏ်မြောက်နိုင်မယ်။ ပူးပေါင်းဆောင်ရွက်တတ်အောင် ဘယ်လိုလေ့ကျင့်နိုင်မလဲ။ အရေးအကြီးဆုံးကတော့ လူတိုင်းရဲ့အားစိုက်ထုတ်မှုကို မြင်အောင်ကြည့်တတ်ဖို့ လိုပါတယ်။ လူတိုင်းမှာ အခက်အခဲနဲ့စိတ်သောက ကိုယ်စီရှိတယ်ဆိုတာကို သဘောပေါက် နားလည်ပေးနိုင်မှ ပူးပေါင်းလိုစိတ်ရှိလာနိုင်မယ်။ သူတစ်ဘက်သားရဲ့ အောင်မြင်မှုကို ချီးကျူးတတ်ပါစေ၊ သူတစ်ဘက် သားရဲ့ စိန်ခေါ်မှုတွေကို ကူညီတတ်ပါစေ။

(၈) **နှိမ့်ချလိုစိတ်** (Humility) **ရှိပါ။**

လူဆိုတာ အရာရာကိုသိမြင်နားလည်နိုင်စွမ်း မရှိပါဘူး။ လေ့လာသင်ယူခြင်းကလည်း အဆုံးမရှိပါဘူး။ ခေါင်းဆောင်ယ်တွေ ဖြစ်လာတဲ့အချိန်မှာ ထင်တစ်လုံးနဲ့ အလုပ်လုပ်လို့ မရပါဘူး။ လုပ်ငန်းခွင်မှာ ကိုယ့်ကိုဆရာလုပ်မယ့်လူ များခြင်းသည် ဆရာလုပ်မယ့်လူ မရှိခြင်းထက် ကောင်းပါတယ်။ နှိမ့်နှိမ့် ချချပြုမူတတ်တဲ့ ခေါင်းဆောင်တွေဟာ ပိုမိုချဉ်းကပ်ရလွယ်ကူလေ့ရှိတာကြောင့် ယုံကြည်မှု တည်ဆောက်ရာမှာ အထောက်အကူ ဖြစ်စေပါတယ်။ နှိမ့်ချလိုစိတ်ကို လေ့ကျင့်မွေးမြူနိုင်ဖို့အတွက် အမှားကနေ သင်ခန်းစာယူတတ်ပါစေ။ အများသူငှါရဲ့ ကျေးဇူးတရားကို မြင်အောင်ကြည့်တတ်ပါစေ။ အောင်မြင်ချိန်မှာလည်း မထောင်လွှားပါနဲ့။

(၉) **စိတ်ခွန်အား** (Motivation) **ရှိပါ။**

ခေါင်းဆောင်ကောင်းဖြစ်ဖို့ဆိုရင် ကိုယ်တိုင် စံနမူနာအဖြစ် ပြုမူကျင့်ကြံ၊ ပြောဆိုနေထိုင်နိုင် ရမယ်။ ခေါင်ကမိုးမလုံရင် တစ်အိမ်လုံး စိုတတ်တယ်။ မိမိကိုယ်ကို စိတ်ဓါတ်ခိုင်မာအောင် လေ့ကျင့်ထားဖို့လိုအပ်သလို အဖွဲ့ဝင်တွေကိုလည်း စိတ်ခွန်အားပေးနိုင်ရမယ်။ သီအိုရီတွေအရ လူတွေက စိတ်ခွန်အားတက်ကြွလာရင် ကိုယ်စွမ်းကိုယ်စ မြင့်မားလေ့ရှိတယ်။ ခက်ခဲတဲ့အချိန်ကာလတွေမှာ အဖွဲ့ဝင်တိုင်းရဲ့ စိတ်ခွန်အားကို ထိန်းသိမ်းပေးထားဖို့က ခေါင်းဆောင်တွေရဲ့တာဝန်ပဲ။ လွယ်ကူရိုးရှင်းစွာနဲ့ စိတ်ခွန်အားပေးနိုင်တဲ့ နည်းလမ်းတွေ အများအပြား ရှိပါတယ်။

စံနမူနာအနေနဲ့ နေထိုင်ပြပါ၊ အောင်မြင် မှုတိုင်းကို ပွဲခံပေးပါ၊ စိတ်အားတက်ကြွစေမယ့် စကားလုံးတွေကို ရွေးချယ်သုံးစွဲတတ်ပါစေ။

(၁၀) **စိတ်ခံစားမှုဉာဏ်ရည်** (Emotional Intelligence) **ရှိပါ။**

စိတ်ခံစားမှုဉာဏ်ရည်ဆိုတာက မိမိရဲ့အတွင်းစိတ်မှာ ဘယ်လိုခံစားနေရတယ်ဆိုတာကို နားလည်သိရှိနိုင်စွမ်းနဲ့ သူတစ်ပါးရဲ့ စိတ်ခံစားချက်ကိုပါ နားလည်ခံစားနိုင်စွမ်း ဖြစ်ပါတယ်။ စိတ်ခံစားမှု ဉာဏ်ရည်မြင့်မားတဲ့ ခေါင်းဆောင်တွေဟာ စိတ်ဖိစီးမှုတွေနဲ့ ပဋိပက္ခတွေကို ပိုပြီးတော့ ကိုင်တွယ် ဖြေရှင်းနိုင်ကြသလို လူအများနဲ့လည်း ဟန်ကျပန်ကျ ပေါင်းသင်းနိုင်ကြတယ်။ ဒါကြောင့် မိမိရဲ့စိတ်ခံစားမှုကို ဘယ်တော့မှ လွှတ်မချလိုက်ပါနဲ့။ မိမိရဲ့ စိတ်ခံစားချက်ကို လွှတ်ပေးလိုက်တာဟာ မြင်းရဲ့ဇက်ကြိုးကို လွှတ်ပေးလိုက်တာနဲ့ တူတူပဲ။ စိတ်ခံစားချက် မြင့်လာရင် အကောင်းဆုံးတုံ့ပြန်မှုအနေနဲ့ အသက်ကို မှန်မှန်ရှူပေးပါ။ သူတစ်ပါးရဲ့ ခံစားချက်ကို ကိုယ်ချင်းစာပါ။ ရင်ဖွင့်ပြောဆိုနိုင်မယ့် ပတ်ဝန်း ကျင်ဖြစ်လာအောင် ကူညီပံ့ပိုးပေးပါ။

ခေါင်းဆောင်ငယ် ဟူသည် ရာထူးနေရာတစ်ခုကို မည်ကာမတ္တ ရယူထားခြင်းသာလျှင် မဖြစ်စေသင့်။ ယနေ့လူငယ်ဘဝကတည်းက တည်ကြည်စွာ ဆက်ဆံတတ်တဲ့၊ ကိုယ်ချင်းစာစိတ် ထားတတ်တဲ့၊ ပူးပေါင်းဆောင်ရွက်တတ်တဲ့ ခေါင်းဆောင်ငယ်တွေအဖြစ် ရပ်တည်နိုင်ပါမှ နောင်လူကြီးဘဝမှာ တန်ဖိုးမြင့်မားတဲ့၊ ကျင့်ဝတ်လိုက်နာတဲ့၊ အပြုသဘောဆောင်လေ့ ရှိတဲ့ နိုင်ငံ့ခေါင်းဆောင်တွေ ဖြစ်လာမှာဖြစ်တယ်။ လူငယ်တွေဟာ ရုန်းကန်လှုပ်ရှားရင်းနဲ့ သင်ယူကြီးထွားနေတတ်တာကြောင့် အနာဂတ်ရဲ့ မျိုးဆက်တွေအတွက်ပါ ပေါင်းကူးတံတား ထိုးပေးနိုင်ပါတယ်။ ယခုလို တော်လှန်ရေးကာလမှာ လူငယ်တွေဟာ ခေါင်းဆောင်နေရာအပြင် အခြားသောလူငယ်တွေရဲ့ စံနမူနာအဖြစ်ပါ ကျင့်ကြံနေထိုင်ရမှာဖြစ်တာကြောင့် တာဝန်နှစ်ဆဖြစ် နေနိုင်တယ်ဆိုတာကို မမေ့ပါနဲ့။ ခက်ခဲတဲ့အချိန်တွေမှာ ကျရာတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ရင်းနဲ့ အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးကိုပါ မပြတ်သောသတိ၊ မလျှော့သော လုံ့လ၊ မပျယ်သော ယုံကြည်ချက်တို့နဲ့ ရဲဝံ့ပြတ်သားစွာ ထမ်းဆောင်နိုင်ပါစေ။

ကိုလတ်




**စစ်ဘက်ခေါင်းဆောင်မှု**

**အနိမ့်ဆုံးတပ်မှူးသည်အရေးကြီးဆုံး**

တိုက်ပွဲအများအပြားရဲ့ အောင်မြင်မှုတိုင်းကို ဆန်းစစ်ကြည့်တဲ့အခါ အဆုံးသတ်အဖြေဟာ အနိမ့်ဆုံးအဆင့် တပ်မှူးတွေရဲ့ စွမ်းဆောင်ရည်အပေါ်မှာ မူတည်တာကို တွေ့ရတယ်။ ရန်သူ့စခန်း သိမ်းတဲ့နေရာ ဒါမှမဟုတ် ကိုယ့်စခန်းရန်သူ့လက်မပါအောင် ကြံ့ကြံ့ခံတဲ့နေရာမှာ အဓိကကျသူ က(တပ်စိတ်မှူး) ပဲဖြစ်တယ်လို့ ထင်ရှားတဲ့ စစ်ခေါင်းဆောင်အများစုက ပြောကြပါတယ်။ တပ်စိတ်မှူးအဆင့်က စပြီး တိုက်ပွဲခေါင်းဆောင်မှုကောင်းဖို့ လိုအပ်သလို အစဥ်အမြဲလေ့လာနေဖို့ လိုအပ်ပါတယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ဖို့ လေ့ကျင့်မှုကောင်းဖို့လိုအပ်သလို အခံပါရမီကလည်း အရေးကြီး ပါတယ်။အခြေနေအချိန်အခါကိုလိုက်ပြီး ဆုံးဖြတ်သုံးသပ်နိုင်တဲ့သူကသာ ခေါင်းဆောင်နိုင် တယ်လို့ အများကတော့ လက်ခံထားကြပါတယ်။အသေးဆုံးအဖွဲ့အစည်းကစလို့ ကြီးမားတဲ့ အဖွဲ့တွေအထိ ခေါင်းဆောင်နိုင်စွမ်းတိုးတက်ဖို့ဆိုရင် ကိုယ့်မှာရှိနေတဲ့ အားနည်းချက်တွေကို လျော့သွားအောင်၊ အားသာတဲ့အချက်တွေကို ပိုတိုးတက်လာအောင် လေ့လာ ကြိုးစားဖို့ လိုပါတယ်။ ခေါင်းဆောင်မှုက စကားလှလှပြောတတ်၊ ရေးသားတတ်ရေး မဟုတ်ပါဘူး။ လက်တွေ့ကျင့်သုံး နိုင်ဖို့ လိုပါတယ်။ အန္တရာယ်တခုခု ကြုံတာ၊ အရေးပေါ်ကိစ္စတခုခုဖြစ်တာ၊ အရေးကြီးပြဿနာတခုခု နဲ့ရင်ဆိုင်ရတဲ့အခါမှာ ခေါင်းဆောင်နိုင်မှု အရည်အချင်းက ပေါ်ထွက်လာတတ်ပါတယ်။ ခေါင်းဆောင်ဆိုတာ ရာထူး၊အဆင့်တွေနဲ့ မဆိုင်ပါဘူး။ သူ့ရဲ့အခြေခံ ဗဟုသုတ၊ စ

ဦးစားတွေးခေါ်နိုင်မှု၊ စီစဉ်ညွှန်ကြား၊ ကြီးကြပ်တတ်မှုတွေက ပိုအရေးကြီးပါတယ်။

ခေါင်းဆောင်မှုအရည်အချင်းနဲ့ပက်သက်လို့ အမေရိကန်ဗိုလ်မှူးကြီး မက္ကဆွဲဒီတေလာက အချက် သုံးချက်နဲ့ ပြောပါတယ်။ အောက်လက်ငယ်သားနဲ့ အခြားဆက်ဆံရသူတိုင်းရဲ့ သဘောကို နားလည်တာ၊ စစ်ပညာအရည်အချင်း ပြည့်ဝတာ၊ ဘက်မလိုက်တဲ့ဆုံးဖြတ်မှုရှိတာတွေဖြစ်တယ်လို့ ပြောပါတယ်။ လက်အောက်ငယ်သားရဲ့ သဘောကိုမသိသူဟာ ဘယ်တော့မှ ခေါင်းဆောင်ကောင်း မဖြစ်ပါဘူး။ ကိုယ့်ရဲ့ရာထူး အဆင့်အတန်းကြောင့် လက်အောက်ငယ်သားနဲ့ ခပ်ခွါခွါ နေသင့်တယ်လို့ထင်တဲ့ အရာရှိ၊ ခေါင်းဆောင်မျိုးဟာ ခေါင်းဆောင်ကောင်း မဟုတ်ပါဘူး။ လက်ပွန်းတတီး နေခြင်းနဲ့ ခေါင်းဆောင်ကောင်းပီသစွာ နေထိုင်ခြင်းကို နားမလည်ခြင်းကြောင့် လက်အောက်ငယ်သားနဲ့ ဝေးတာ၊ လေးစားမှု လျော့ပါးတာ၊ ခေါင်းဆောင်ရဲ့လုပ်နိုင်စွမ်းနဲ့ အရည်အချင်းကို ငယ်သားကသံသယဖြစ်တာမျိုး တွေကြုံရ စေပါတယ်။

သမိုင်းအစဥ်အဆက်က အောင်မြင်တဲ့ဘယ်ခေါင်းဆောင်မဆို ငယ်သားတိုင်းက လေးစားသိမြင် ချစ်ခင်တဲ့သူ ဖြစ်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ ငယ်သားထုနဲ့ကင်းကွာတဲ့ ဘယ်သူမဆို ခေါင်းဆောင်ကောင်း မဖြစ်နိုင်ပါဘူး။ ငယ်သားထုရဲ့အရည်အချင်းကို မသိတာ၊ မြှင့်တင်ပေးတာမျိုး မလုပ်ပဲ ငယ်သားထုနဲ့မိမိကြား ကွာခြားမှုကို ဂုဏ်၊ အရည်အချင်းတရပ် အနေနဲ့ မြင်တာဟာ အဲ့ဒီအစုအဖွဲ့ရဲ့ တိုးတက်မှုနိမ့်ကျခြင်းသာ ဖြစ်စေမှာ ဖြစ်ပါတယ်။ ခေါင်းဆောင်တယောက်က သူ့အလုပ်သူသိရမယ်။သူ့အလုပ်သူသိကြောင်း၊ နားလည်ကျွမ်းကျင်ကြောင်းလည်း လက်အောက်ငယ်သားက သိရမယ်။ဒါမှ ခေါင်းဆောင်နဲ့ ငယ်သားကြား ယုံကြည်မှုနဲ့လုပ်နိုင်စွမ်း ပိုမိုဖြစ်ထွန်းမယ်။

ခေါင်းဆောင်းကောင်းက သက်ဆိုင်ရာ အရည်အချင်းသာ မကဘဲ အကျင့်သိက္ခာအရလည်း လေးစား ထိုက်သူဖြစ်ဖို့ပါတယ်။ ကိုယ့်မှာမရှိတဲ့အရာကို ရှိနေသလိုဟန်ဆောင်တာ၊ ကိုယ်တကယ် မသိနားမလည်တဲ့ အရာကို အခြားသူထက် သိသယောင်လုပ်တာက အရေးကြုံတဲ့အခါ တကယ် မသိရင် လက်အောက်ငယ်သားရဲ့ မထီလေးစားမှုကို ကြုံရနိုင်ပါတယ်။ လိုအပ်တဲ့အရည်ချင်းကို ကိုယ့်ရဲ့ရာထူး၊ အဆင့်အလိုက် ဖြည့်ထားရပါမယ်။ ကိုယ့်အားနည်းချက်၊ မသိနားမလည်မှု၊ အထင်ကြီးစေလိုမှုကြောင့် သိတတ်သယောင် ဟန်ဆောင်မှုတွေက ယောင်ချာချာခေါင်းဆောင် တွေရဲ့ လုပ်ရပ်သာဖြစ်လို့ လုံးဝရှောင်ရှားရပါမယ်။ ကိုယ့်ရဲ့ အားသာတဲ့အချက်၊ လုပ်နိုင်စွမ်း၊ လေ့လာထားနိုင်မှု၊ သက်လုံနဲ့ကြံ့ခိုင်မှု၊ တိုက်ပွဲခေါင်းဆောင်နိုင်မှုတွေကို ပိုပြီးတိုးတက်အောင် အစဥ်အမြဲလေ့လာ ကြိုးစားနေရပါမယ်။ အောက်မှာဖော်ပြမယ့် ခေါင်းဆောင်ကြမယ့် သူတွေအတွက် အချက်များစွာရှိတဲ့အထဲက ပထမဆုံး (၆)ချက်က ပိုအရေးကြီးပါတယ်။

(၁) **ရည်မှန်းချက်ထား**

ဒါကတပ်မှူးတိုင်းရဲ့ တာဝန်ပါ။အထက်အဆင့်ဆင့်ညွှန်ကြားချက်ကို ကိုယ့်လက်အောက် အဆင့်ဆင့် ဘယ်သူ က ဘယ်လို၊ ဘယ်လောက်အထိ လုပ်ရမယ်ဆိုတာကို သတ်မှတ်ဆုံးဖြတ် နိုင်ရမယ်။ ချမှတ်ပေးထားတဲ့ အမိန့် ၊ ဆောင်ရွက်ရမယ့်ကိစ္စ အတော်များများက လေ့ကျင့်ပြီးသား ဖြစ်နေတာမျိုးဖြစ်နေဖို့ ကြိုးစားထားသင့်တယ်။ ဒါကတော့ ကိုယ်တာဝန်ယူရတဲ့ အဆင့်၊ ရာထူး အလိုက် လက်အောက်ငယ်သားတိုင်း ရှိရမယ့်အရည်အချင်းကို ကိုယ်ဘယ်လောက်အထိ ဖြည့်ဆည်းပေးထားသင့်လဲဆိုတာ သိနေရမယ့်အပိုင်း ဖြစ်တယ်။ လုပ်ဆောင်ရမယ့် ကိစ္စတိုင်းအတွက် အမြင့်ဆုံး ရည်မှန်းချက် ရှိနေရမှာဖြစ်တယ်။ ဒါမှ လုပ်တဲ့အရာတိုင်း အကောင်းဆုံးဖြစ်မယ်။

(၂) **စီမံချက်၊အစီစဥ်ထား**

စီမံချက်ထားခြင်းက အဆင့်ဆင့်လုပ်ရမယ့်ကိစ္စတွေကို ချထား၊ရေးထားတဲ့ စီမံချက်အတိုင်း အလိုက်သင့် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။တနည်းအားဖြင့် စီမံချက်ထားဆိုတာက လေ့ကျင့်ရေးမှာ အလုံးစုံအကြုံး ဝင်တယ်။ ကိုယ့်အောက်ငယ်သားတိုင်းရဲ့ အရည်အချင်းပြည့်ဝဖို့ အမြဲဂရုစိုက်လေ့ကျင့်ပေးထားပါ။ ဒါကပဲ အစီအစဥ်တိုင်းကို အံဝင်ခွင်ကျဖြစ်နိုင်မှာ ဖြစ်ပါတယ်။လက်အောက်ငယ်သားက လိုက်မလုပ်နိုင်ရင် စီမံချက်ထားလည်း အလကားပါပဲ။

(၃) **စည်းရုံး**

ဘယ်စစ်ဆင်ရေးမဆို စည်းရုံးရေးအစီစဥ်ကောင်းရှိရတယ်။ ကိုယ့်လူကိုယ်တောင် မစည်းရုံးနိုင်ရင် ခြေတလှမ်းရွေ့တိုင်း အန္တရယ်ရှိတာ သတိထားနေရမှာဖြစ်သလို လုပ်သမျှတိုင်းထင်သလောက်ပေါက်မှာ မဟုတ်ပါဘူး။ခေါင်းဆောင်လုပ်သူက မိမိလက်အောက်တပ်မှူး၊ တပ်သားများနဲ့ မကြာခဏတွေ့ဆုံစကားပြောရမယ်။ ဒါမှတချို့အကြောင်းအရာတွေ ကိုတိုက်ရိုက်သိရခြင်း၊လက်အောက်တပ်မှူး ၊တပ်သားများက ကိုယ့်ကိုသိမြင်ဆက်ဆံရပြီး တဦးချင်းစီအပေါ် အလေးထား ဆက်ဆံမှုရှိတယ်

ဆိုတာလည်းသိစေပါတယ်။

(၄) **ညွှန်ကြား**

ညွှန်ကြားတဲ့ကိစ္စက အမိန့်ပေးတာဖြစ်တယ်။ ရှင်းရမယ်၊ နားလည်လွယ်ရမယ်၊ သင့်လျော်ရမယ်၊ အရပ်သုံး ဖရိုဖရဲ စကား မဖြစ်ဖို့အထူးသတိထားရမယ်။အမိန့်ရေးနည်း၊ ထုတ်နည်းကို သိနားလည်ထားရမယ်။

(၅) **ကြီးကြပ်ပါ**

ကြီးကြပ်မှုက တပ်မှူးအဆင့်ဆင့်တိုင်းရဲ့ အရေးကြီးဆုံးတာဝန်ပဲ။ကြီးကြပ်ကွပ်ကဲမှုက တပ်မှူးတယောက်ရဲ့ ခေါင်းဆောင်နိုင်စွမ်းကို မှတ်ကျောက်တင်ခြင်းလည်းဖြစ်ပါတယ်။ခေါင်းဆောင်ကောင်းတယောက်ရဲ့ ကွပ်ကဲမှု အရည်အချင်းက ညွှန်ကြားမှု ၅ရာခိုင်နှုန်းနဲ့ ကြီးကြပ်မှု၉၅ရာခိုင်နှုန်းလို့ ပြောကြပါတယ်။ ကြီးကြပ်မှု ကကွပ်ကဲမှုနဲ့ ဦးစီးမှု နှစ်ခုလုံးပါတဲ့ ဆောင်ရွက်ချက်ဖြစ်ပါတယ်။ ကြီးကြပ်ကွပ်ကဲမှုမရှိဘဲ ပေးတဲ့အမိန့်ဟာ မထုတ်ဘဲနေတာက ပိုကောင်းပါတယ်။

(၆) **ကြိုးကိုင်မှု**

အုပ်ချုပ်ခေါင်းဆောင်မှုရဲ့ နောက်ဆုံးအဆင့်က တိုးတက်မှု၊အောင်မြင်မှု၊မအောင်မြင်မှုကို မှားရင်ပြင်ဖို့၊ ကောင်းတာထက် ပိုပြီးကောင်းဖို့အတွက် သုံးသပ်ဆန်းစစ်တာပဲဖြစ်ပါတယ်။

(၇) **ကိုယ့်တပ်သားတွေနဲ့စကားပြော**

အရေးကြီးတဲ့အခြေနေတွေမှာ တပ်မှူးတယောက်ရှိနေတာက အခြေနေတွေကို ထိန်းလို့ရနိုင်ပေမယ့် ခေါင်းဆောင်နဲ့ ငယ်သားကြား သံယောဇဉ်၊ ယုံကြည်မှုမရှိဘဲ ထိန်းသိမ်းလို့မရနိုင်ပါဘူး။ သံယောဇဉ်ဆိုတာ ငယ်သားအပေါ်ထားတဲ့ စေတနာနဲ့ သူနဲ့ကိုယ့်ကြားဆက်ဆံရေးအပေါ် ကိုယ့်ရဲ့တန်ဖိုးထားမှုဖြစ်ပါတယ်။ ကိုယ့်လောက်မသိမတတ်တဲ့ ငယ်သားအပေါ် နိမ့်ကျတယ်လို့ သဘောမထားပဲ မသိမတတ်သေးတဲ့၊ ကိုယ့်လောက် သင်ကြားခွင့်မရသေးတဲ့ သဘောကိုနားလည်ပြီး တတ်နိုင်သမျှ လေ့ကျင့်သင်ကြားပေးရမှာ ဖြစ်ပါတယ်။ သင်ကြားတဲ့နေရာမှာ ကွက်ကြား လေ့ကျင့်သင်ကြားခြင်းမျိုးမဟုတ်သလို၊ လက်သင့်ရာ သင်ပေး ခြင်းမျိုးလည်း မဟုတ်ပါဘူး။ စနစ်တကျ ဘယ်အဆင့်ဘယ်တပ်သားရဲ့ ဘယ်စွမ်းရည် အဆင့် တိုးမြှင့်ရမယ်ဆိုတဲ့ စီမံချက်နဲ့သင်တန်းပေး သင်ကြားပေးတာမျိုး ဖြစ်ပါတယ်။ဒါမှ သာပေးတဲ့ ပညာအပေါ် အလေးထားမှုနဲ့ သင်ကြားသူအပေါ် အလေးထားမှု၊ စနစ်ကျမှုရမှာဖြစ်ပါတယ်။

(၈) **ကိုယ့်တပ်သားတွေသိအောင်လုပ်**

ကိုယ့်တပ်စိတ်၊ တပ်စု၊ တပ်ခွဲ၊ တပ်ရင်း တာဝန်ယူထားတဲ့ နယ်မြေတွင်းအခြေနေကို တပ်သားတိုင်းသိစေဖို့ ကြိုးစားခြင်း အားဖြင့် စုပေါင်း ဆောင်ရွက်တဲ့နေရာမှာ ပိုမို အဆင်ပြေစေပါတယ်။ သတင်း၊ အမိန့် မှန်သမျှ အဆင့်အလိုက် သိသင့်တာကို အမြန်ဆုံးသိအောင်လုပ်ရမယ်။သတင်း၊ အမိန့်အမြန်စီးဆင်းနိုင်တာက အလစ်အငိုက်မမိဖို့နဲ့ အလုပ်အမြန်ပြီးမြောက်ဖို့ အတွက် အကောင်းဆုံးနည်းတခုပဲဖြစ်ပါတယ်။

(၉ )**တရားမျှတပါ**

မိမိလက်အောက်ငယ်သားတိုင်းကို အဂတိမလိုက် ၊ ဘက်မလိုက်၊ တရားမျှတမှုရှိရှိ ဆက်ဆံဆောင်ရွက်တယ်၊ ကိုယ့်စိတ်ခံစားချက်အလိုက် ငယ်သားတစ်ယောက်ကို မငဲ့မညာပြောဆိုဆက်ဆံမှုမရှိဘူးလို့ ဆက်ဆံခံရသူ အများစုက မထင်သေးသရွေ့ ဒါမှမဟုတ် ကိုယ်တိုင်မလုပ်နိုင်သေးသရွေ့ ခေါင်းဆောင်ကောင်း မဖြစ် သေးဘူး။လက်အောက်ငယ်သား အများစုက ကျန်တာခွင့်လွှတ်သည်းခံကြပေမယ့် တရားမျှတမှုမရှိတာ၊ ချိုးနှိမ်စွာဆက်ဆံခံရတာကို ခါးခါးသီးသီး ရှိကြပါတယ်။ အဆင့်အလိုက် တရားစီရင်အပြစ်ပေးတဲ့ နေရာမှာလည်း ဆင်ခြင်တိုင်းထွာပြီး ညှာသင့်ညှာရမှာဖြစ်ပါတယ်။ ဒါပေမယ့် သဘောကောင်း သက်ညှာလွန်းခြင်းဆိုတဲ့ ကိစ္စကိုတော့ ခေါင်းဆောင်တိုင်းရှောင်ရှားရမယ်။ ကိုယ့်အောက်က အသုံးမကျ၊ တာဝန်မကျေ၊ အရည်အချင်းမရှိသူတွေကို ပစားပေးခြင်း၊ ညှာတာလွန်းခြင်းက တာဝန်ကျေသူ၊ အရည်အချင်းရှိသူတွေအပေါ် မတရားရာ၊ စော်ကားရာ၊ အသိအမှတ်မပြုရာ ရောက်ပါတယ်။ ခေါင်းဆောင်မှုဆိုတာ မူအားဖြင့်လည်းမထိခိုက်၊ တပ်အကျိုးလည်းမထိခိုက်ဘဲ တစ်ဦးတစ်ယောက်နဲ့ သင့်လျော်အောင် လိုအပ်တဲ့ချင်းချက်ကို ဘယ်အချိန်မှာ ဘယ်လိုလုပ်ရမလဲသိတဲ့အပေါ်မူတည်ပါတယ်။

### (၁၀)ကိုယ့်လက်အောက်ငယ်သား (တပ်သား၊ အရာရှိ၊ အရာခံ၊ အကြပ်)ကိုထောက်ခံ

ကိုယ့်လက်အောက်ငယ်သားမှန်သမျှက ကိုယ့်ကိုယ်စားအဆင့်အလိုက် စနစ်တကျ အာဏာပေးထားတာဖြစ်လို့ တာဝန်ခံရမှာဖြစ်ပါတယ်။သူတို့ရဲ့ အောင်မြင့်မှု၊ ကျရှုံးမှုတိုင်းအတွက် တာဝန်ခံရမယ်။ အသုံးမကျတဲ့ အလုပ်သမားက သူအလုပ်လုပ်တဲ့နေရာမှာသုံးတဲ့ ကရိယာပစ္စည်းကို အပြစ်တင်သလို အသုံးမကျတဲ့ ခေါင်းဆောင်ကလည်း ကိုယ့်လက်အောက်ငယ်သားကို အပြစ်ဖို့လေ့ရှိပါတယ်။ ကိုယ့်လက်အောက်ငယ်သား မမှားအောင် ကြိုတင် သတိပေး၊ ဆုံးမ၊ သင်ကြားတတ်ရသလို၊ အများသိစရာမလိုတဲ့ ကိစ္စတွေမှာလည်း သီးသန့်ပြုပြင်ပြောပြဆုံးမဖို့ ပိုင်းခြားတတ်တဲ့ အသိဥာဏ်ရှိရပါတယ်။

### (၁၁) ရှိသင့်တဲ့နေရာကို ရှိသင့်တဲ့အချိန်မှာရှိ

ကိုယ့်လက်အောက်ကလူတိုင်းက အဆင့်၊ ရာထူးကြောင့် ခေါင်းဆောင်လို့သတ်မှတ်တာထက် ခေါင်းဆောင်သူရဲ့ အရည်အချင်း၊ သူတို့နဲ့တသားတည်းရှိတာ၊ သူတို့နဲ့အတူပါဝင်ဆောင်ရွက်တာ ကသာ ငယ်သားတိုင်းရဲ့ လေးစားယုံကြည်မှု ရစေသလို အောင်မြင်မှုရမှာဖြစ်ပါတယ်။

### (၁၂) အမိန့်ပယ်ဖျက်ရခြင်းကိုရှောင်

အမိန့်ပယ်ဖျက်ရခြင်းက တခါတလေ ကြုံရတတ်တယ်။အမိန့်ပယ်ဖျက်ရတဲ့အခါ တပ်တွင်းအရှုပ်အထွေး များစွာဖြစ်စေတတ်တယ်။အသေခံရှုပ်ရှုပ်ချွံချွံလိုက်နာရပြီး လုပ်ရတဲ့ ညံ့ဖျင်းတဲ့အမိန့်မျိုးထက် ဖရိုဖရဲ လုပ်ရတဲ့ အမိန့်ကောင်းက ပိုသာပါတယ်။ဒါကြောင့်အမိန့်ပေးသူဖြစ်တဲ့ ခေါင်းဆောင်တိုင်းရဲ့ အရည်အချင်းက လုံးဝအရေးကြီးတာဖြစ်ပါတယ်။

### (၁၃) အောင်မြင်မှုအစဥ်အလာတခုပျိုးထောင်

အောင်စိတ်ရှိတဲ့သူ၊ လုပ်နိုင်တယ်လို့တွေးထားတဲ့သူအတွက် အခက်အခဲဆိုတာ နည်းတယ်။ တခုခုလုပ်မယ် ဆိုတာနဲ့ ငါတို့လုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်မှုရအောင် လေ့ကျင့်ပျိုးထောင်ပါ။ ရရှိဖူးတဲ့အောင်မြင်မှုဟာ တစုတဖွဲ့၊ တစ်ဦးတစ်ယောက်ကြောင့်ဆိုတာမျိုးမဖြစ်ရပဲ အချင်းချင်းကြား မိမိတို့တပ်ရှိ လူအလုံးစုံပါဝင်တဲ့ အောင်မြင်မှုဖြစ်ကြောင်း သိအောင် လှုံ့ဆော် ပြောပြဖို့ကြိုးစားပါ။

### (၁၄) ယှဥ်ပြိုင်မှုကိုအားပေး၊ နှိမ်ချခြင်းကိုပယ်

အကောင်းဆုံး တပ်စိတ်၊ တပ်စု၊ တပ်ခွဲ စတဲ့သတ်မှတ်ချက်ကကောင်းပေမယ့်၊ ကိုယ်ကပိုသာနေတာက တပါးသူကိုနှိမ့်ချဖို့မဟုတ်။ ကိုယ်ကကောင်းသထက်ပိုကောင်းဖို့၊ ကိုယ့်ထက်နိမ့်နေသေးသူက ပိုကောင်းချင် လာအောင် ဆွဲဆောင်စည်းရုံးဖို့ပဲဖြစ်တယ်။ အားကျမခံစိတ်ရှိဖို့ဖြစ်ပြီး တဖွဲ့နဲ့တဖွဲ့ အားနည်းချက်ကို ဖိနှိပ် နှိမ်ချဖို့မဟုတ်။ အားပေးကူညီဖို့ ဖြစ်တယ်။ မိမိတို့တပ်ရင်းတပ်ဖွဲ့ အချင်းချင်းကြားဖေးမကာ ဝေဖန်ထောက်ပြ လက်တွဲသွားရမှာ ဖြစ်ပါတယ်။ခေါင်းဆောင်မှုအရည်အချင်းက လူ့သဘောနားလည်မှုဖြစ်သလို၊ ပညာဗဟုသုတ ပြည့်ဝခြင်းလည်း ဖြစ်တယ်။ မှန်ကန်သင့်လျော်အောင်ဆုံးဖြတ်နိုင်မှုလည်း ပိုမိုပြည့်စုံမှာ ဖြစ်ပါတယ်။

## စစ်ဘက်ခေါင်းဆောင် ဒါတွေရှောင်

### ငယ်သားတွေကိုစောင့်ရှောက်

၁။ ကိုယ့်ရဲဘော်တွေရဲ့ သက်သာချောင်ချိမှုကို လျစ်လျူရှုမထားနဲ့။ ကြမ်းကြမ်းတမ်းတမ်း ခိုင်းရပေမယ့် တာဝန်ပြီးစီးချိန်မှာ ပျော်ပျော်ရွှင်ရွှင်နေနိုင်၊ နားနိုင်အောင် စီစဥ်ပေးရမယ်။ သက်သာချောင်ချိမှုဆိုတာ အဲ့ဒီလိုဟာမျိုးကို ဆိုလိုတယ်။ တာဝန်ကို ခိုကပ်လို့သက်သာအောင် လုပ်ခိုင်းတာမျိုးမဟုတ်ဘူး။

၂။ ကိုယ့်ရဲဘော်ငတ်ရင် ကိုယ်ငတ်။ရှိတာမျှစား။ရာထူးအပေါ်မှီတည်ပြီး ဘာမှအပိုအခွင့်ထူးမခံနဲ့။

၄။ တိုင်ကြားချက်ရှိရင် စုံစမ်းဖို့မမေ့နဲ့။ မဟုတ်၊မတရားတိုင်ကြားချက်မျိုးကိုလည်း အရေးမပေးနဲ့။

၅။ မျက်နှာမလိုက်နဲ့။ မျက်နှာလိုက်တာ ရဲဘော်တွေသတိထားမိသွားတာနဲ့ နောက်ပိုင်းပြဿနာတွေမှာ အခက်အခဲများလာမယ်။

၆။ ရဲဘော်တွေကို အလွန်အကျွံမခိုင်းနဲ့။အလွန်အကျွံခိုင်းတာနဲ့ ကြိုးစားပမ်းစားလုပ်ခိုင်းတာ မတူဘူး။

၇။ ဆိုးသွမ်းတဲ့အကျင့်ရှိတဲ့ ရဲဘော်တွေကို စောင့်ကြည့်ဖို့မမေ့နဲ့။

၈။ ရဲဘော်တွေရဲ့ ကြိုးစားလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်ကို မနှိမ်နဲ့။ အားပေးရမယ်။

၉။ ဖျားနေတဲ့ရဲဘော်၊ ကျန်းမာရေးချို့ယွင်းတဲ့ရဲဘော်ကို တာဝန်မပေးနဲ့၊ အလုပ်ခွင်မှာမထားနဲ့။ အနားပေးပါ။

၁၀။ အမိန့်၊ တာဝန်ကို ပေးပြီးရင် လုပ်မလုပ် လိုက်စစ်။

၁၁။ ရဲဘော်တစ်ယောက်ကိုကိုယ်တိုင်က တော်တယ်၊ ထက်မြက်တယ်လို့ သေချာမသိသေးရင် သူ့ရဲ့ရာထူးတဆင့်မြင့် ပေးရေး ကိစ္စတွေမှာ မထောက်ခံနဲ့။ အရည်အချင်းမရှိတဲ့သူ ခေါင်းဆောင်လုပ်ရင် အဲ့ဒီအဖွဲ့၊ အဲ့ဒီတပ် ထိခိုက်တယ်။

၁၂။ နွားကွဲရင် ကျားဆွဲမယ်။ ကိုယ့်ရဲဘော်တိုင်းကို အဖွဲ့စည်းစိတ်ဓာတ်မွေးပေး။ သစ္စာစောင့်သိမှု ရှိအောင်လုပ်ပေး။ တပ်တစ်တပ်တည်းမှာ အဖွဲ့မကွဲစေနဲ့။

## ကိုယ်တိုင်အရည်အချင်းပြည့်ဝရေး

၁။ စစ်မှုထမ်းကိစ္စ၊ စစ်ပညာရပ်တွေနဲ့ဆိုင်တဲ့ ဗဟုသုတတွေကိုအသေးအဖွဲကအစ သိအောင်လုပ်ထား။ သိပြီး အသုံးမချတာက အသုံးကျပြီးဘာမှမသိတဲ့သူထက် ပိုကောင်းတယ်၊ ပိုသာတယ်။

၂။ မြန်မြန်မှန်မှန် စိတ်ပိုင်းဖြတ်ဖို့ မကြောက်နဲ့။ ကြိုတင်လည်း လေ့ကျင့်ထား။တာဝန်ယူမှုလည်းရှိ။

၃။ ဆက်ဆံရေး ပြေပြစ်ရမယ်။

၄။ အတွေ့အကြုံ၊ ဗဟုသုတများတာက ကိုယ့်ကိုယ်ကိုယုံကြည်မှုရှိစေတယ်။ ဗဟုသုတများအောင် လေ့လာဖတ်မှတ်။ အတွေ့အကြုံက လုပ်ရင်းရလာလိမ့်မယ်။

၅။ တပ်သုံးဝေါဟာရတွေ သိအောင်လုပ်။တပ်သုံးစာတွေမှာ အရပ်သုံးအခေါ်အဝေါ်တွေ မသုံးနဲ့။

၆။ ပေးထားတဲ့တာဝန်ရဲ့ ကြုံရမယ့်အခက်အခဲကို ပြောပြီးစောဒကမတက်နဲ့။ အောင်မြင်အောင်လုပ်။ ဒီနေ့လုပ်နိုင်တဲ့အလုပ် ဒီနေ့အပြီးလုပ်။ရက်မရွှေ့နဲ့။

## စစ်ဝတ်စုံ

၁။ ကိုယ့်ကိုပေးတဲ့ စစ်ဝတ်စုံ၊စစ်ပစ္စည်းကို ရိုသေပါ။ တော်လှန်ရေးအသုံးစရိတ်တိုင်းက ပြည်သူ့ဘဏ္ဍာငွေဖြစ်တယ်။

၂။ စစ်ဝတ်စုံကို ပြီးစလွယ်မဝတ်နဲ့။ စည်းကမ်းတကျဝတ်။ ပြည်သူ့အမြင်မှာ တော်လှန်ရေးတပ်တွေကို အထင်မြင်သေးနိုင်တယ်။

၃။ ပျော့တီးပျော့ဖတ် ဖရိုဖရဲမနေနဲ့၊ အဲ့ဒီလိုပုံစံ လမ်းမလျှောက်နဲ့။ တင်းတင်းမာမာ၊ တောင့်တောင့် မတ်မတ်နေ၊ သွက်သွက်မာမာလျှောက်။

## သြဇာအာဏာ အသုံးချပုံ

၁။ လက်အောက်ငယ်သား မခံချင်စရာမပြောနဲ့။ လှောင်ပြောင်ပြီး ပျက်ရယ်မပြုနဲ့။ ခပ်အေးအေး ခပ်မာမာနဲ့ ချက်ကျ လက်ကျပြော။

၂။ ဒေါသကို သူ့နေရာနဲ့သူသုံး။

၃။ မမောက်မာနဲ့၊ မထောင်လွှားနဲ့။ အကြောင်းမဲ့ အော်တာငေါက်တာမလုပ်နဲ့။

၄။ ပြောစရာ၊ ဆိုစရာရှိရင် လိုရင်းတိုရှင်း တည့်တည့်ပြော။ မထိတရိ ပြောတာမျိုးမလုပ်နဲ့။

၅။ မလိုအပ်ပဲ အပြစ်မရှာနဲ့။လိုရင်လည်း အပြစ်ရှာဖို့ မမေ့နဲ့။

၆။ ကိုယ့်ထက်ရာထူးငယ်တဲ့ ခေါင်းဆောင်တယောက်ကို သူ့ရဲဘော်တွေရှေ့ မဆူမငေါက်နဲ့၊ နှိမ်ချဆက်ဆံတာမျိုး မလုပ်နဲ့။ သူ့ရဲ့ငယ်သားတွေအပေါ် သူ့သြဇာလျော့တယ်။

၇။ မလိုအပ်ပဲ လမ်းပေါ်၊လူမြင်ကွင်းမှာ လက်အောက်ငယ်သား ကိစ္စတွေကို ဝင်မပါနဲ့။ လိုအပ်ရင် အာဏာသုံးပြီး ပြတ်ပြတ် သားသားလုပ်။မဆိုင်ဘူးထင်ရင် ကိုယ့်လမ်းကိုသွား။
၈။ ထိုးထွင်းဉာဏ်ရှိရမယ်။

၉။ အမိန့်ပေးတဲ့အခါ လျှော့တိလျှော့ရဲမပေးနဲ့။ စာနဲ့ရေးရေး၊ နှုတ်နဲ့ပြောပြော တိတိကျကျ ပြတ်ပြတ်သားသားပေး။ လိုရင်းကိုပြော၊ ပြောတာကလည်း လိုရင်းဖြစ်ရမယ်။

## ရှိရမယ့် အပြုအမူ

၁။ အထက်အရာရှိအပေါ် ဘယ်လိုအမြင်မျိုးရှိရှိ ကိုယ့်ရဲ့လက်အောက်က ရဲဘော်တွေရှေ့မှာ အပြင်တင်ဝေဖန်တာမျိုး မလုပ်နဲ့။

၂။ တခြားသူနစ်နာမှု၊သူများကို နင်းချပြီးမှ ရာထူးရယူဖို့မလုပ်နဲ့။

၃။ ကိုယ့်အထက်အရာရှိကို နေရာမရွေးအလေးပြုဖို့ မမေ့နဲ့။ ဒါပေမယ့် အောက်ကျနောက်ကျ ခြေထောက်ပြေးဖက်မယ့် အမူအရာမျိုးနဲ့လည်း မဆက်ဆံနဲ့။

၄။ ကိုယ်သဘောမကျတဲ့သူ ဖြစ်နေရင်တောင် အဆက်ဆံလုပ်တဲ့နေရာမှာ ကိုယ့်ဂုဏ်သိက္ခာပျက်အောင် မပြုမူနဲ့။

၅။ ကိုယ်ဘယ်လောက်ပဲ စိတ်ဝင်စားစရာကောင်းတဲ့အရာတွေ လုပ်ခဲ့လုပ်ခဲ့၊ ငြီးငွေ့လောက်အောင်အထိ မပြောနဲ့။ နားထောင်သင့်တဲ့အခါ နားထောင်။

၆။ အထက်အရာရှိကို အာခံတယ်၊ စည်းကမ်းတင်းကျပ်မှုကို မကြိုက်ဘူးဆိုတဲ့ ပုံစံနဲ့မထီမဲ့မြင်နေတတ်တဲ့ ရဲဘော်တွေကို အရောဝင်ပြီးလျှော့တိလျှော့ရဲမဆက်ဆံနဲ့။ တချိန်မှာကိုယ်လည်း မထီလေးစားဆက်ဆံခံရမယ်။ အရိုသေတန်တာ ခံရတတ်တယ်။တခါတည်း သူ့ရဲ့အပြစ်အမှားကို သိအောင်ပြောပြ။ ဘာကြောင့်ဒီစည်းကမ်းထုတ်ရတယ် ဆိုတာ နားလည်သဘောပေါက်အောင်ရှင်းပြပေး။

## အလေးပြုခြင်း

၁။ အထက်အရာရှိကို အလေးပြုဖို့မမေ့နဲ့။ အလေးပြုတာက ဖားယားဆက်ဆံတာ မဟုတ်ဘူး။

၂။ ရဲဘော်တွေက နှုတ်ဆက်အလေးပြုရင် ပြန်ပြုဖို့မမေ့နဲ့။ အပြန်အလှန်လေးစားမှု ရှိပါစေ။

## အပြစ်ပေးအရေးယူခြင်း

၁။ အပြစ်ပေးတဲ့အခါ ရဲဘော်ရဲ့ အပြစ်ရှိမရှိကိုပဲကြည့်။ အပြစ်ဒဏ်ဘယ်လောက်အတိုင်းအတာ ပေးရမယ်ဆိုတော့မှ သူ့နောက်ကြောင်းကိုကြည့်။သူ့နောက်ကြောင်းကို အရင်ကြည့်ရင် အပြစ်ရှိမရှိ ဆုံးဖြတ်တာမှာ တဖက်ဖက်ကို ဘက်လိုက်မိတတ်တယ်။

၂။ ကြည့်မရလို့၊ မလိုမုန်းထားစိတ်ရှိလို့ အပြစ်ပေးတယ်ဆိုတာမျိုး ဖြစ်ရအောင်ထိ ကိုယ့်ရာထူးအာဏာကို အသုံးမချနဲ့။

၃။ ရာထူးအလိုက်သိခွင့်ရှိတဲ့ စစ်ဘက်ဆိုင်ရာကိစ္စတွေကို ကြုံရာလူနဲ့ မဆွေးနွေးနဲ့၊ မပြောနဲ့။

မိုးမြင့်ကျော်




## ဒီမိုကရေစီဖက်ဒရယ်ဆိုသည်မှာ

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆိုတဲ့ အသုံးအနှုန်းနဲ့ပတ်သက်ပြီး မေးခွန်းထုတ်မှုနဲ့မှားယွင်းပုံဖော်မှု တွေကို ခဏခဏတွေ့မြင်လာရလို့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ် ဘယ်လိုဆက်နွယ်သလဲဆိုတာကို ယေဘုယျ အကြမ်းဖျဉ်းလေး ရှင်းပြချင်ပါတယ်။

### ဒီမိုကရေစီစနစ်ဟူသည်

ဒီမိုကရေစီဆိုတာ ဒီမို (ပြည်သူ) နဲ့ ကရေစီ (အုပ်ချုပ်မှု) ဆိုတာကိုပေါင်းစည်းထားတဲ့ အသုံးအနှုန်း ဖြစ်တယ်ဆိုတာ လူတိုင်းသိပြီးသားပါ။ဒါကို အမေရိကန်သမ္မတကြီး အေဘရာဟန်လင်ကွန်း ကလည်း ပြည်သူ့နည်းဖြင့် ဖွဲ့စည်းသော ပြည်သူ့အတွက် ပြည်သူရဲ့အစိုးရ (Government by the people for the people of the people) လို့လည်း ဒီမိုကရေစီအစိုးရအဓိပ္ပါယ်ကို ဖွင့်ဆိုပြခဲ့ဖူးပါတယ်။

ဒီမိုကရေစီဆိုတဲ့ စကားရပ်မှာကိုက "ပြည်သူ" ဆိုတဲ့ စကားရပ်နဲ့ "အုပ်ချုပ်မှု" သို့မဟုတ် တနည်းအားဖြင့် "အစိုးရ" ဆိုတဲ့ စကားရပ်က ပါဝင်ပေါင်းစပ်ထားပြီးဖြစ်ပါတယ်။ အစိုးရဆိုတာ နိုင်ငံတော်ကိုစီမံအုပ်ချုပ်ရတဲ့အဖွဲ့အစည်းတစ်ခုပါ။ တနည်းအားဖြင့် နိုင်ငံတော်ရဲ့ မျှော်ရည်ချက်တွေ၊ ပန်းတိုင်တွေကိုလက်တွေ့အကောင်အထည်ဖော်ပေးရတဲ့ ယန္တရားဖြစ်ပါတယ်။ဒီနေရာမှာ အရစ္စတိုတယ် ရဲ့ နိုင်ငံတော်ဆိုတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာနိုင်ငံတော်တည်ရှိရခြင်းရဲ့ မူလရည်ရွယ်ချက်ကို သိဖို့လိုပါ လိမ့်မယ်။ "နိုင်ငံတော်ဆိုတာ လူသားရဲ့ အမြင့်ဆုံးသော ကောင်းမွန်တဲ့လူမှုဘဝတွေကို ဖော်ဆောင်ပေး နိုင်ဖို့ တည်ရှိခြင်းဖြစ်တယ်" လို့ဆိုပါတယ်။ အဲဒီလို နိုင်ငံတော်ရဲ့ အမြင့်ဆုံးရည်မှန်းချက် တွေကို ဖော်ဆောင်ပေးဖို့ဆိုရင်အာဏာကို အပြည့်အဝ ဆွဲကိုင်ကျင့်သုံးခွင့်ရှိရမယ့် အစိုးရယန္တရားရှိရမယ်လို့ လူမှုသိပ္ပံပညာရှင် မက်စ်ဝီဘာက ထပ်ဆိုပြန်ပါတယ်။ အဲဒီလိုအာဏာဆွဲကိုင်ကျင့်သုံးခွင့်ရှိတဲ့အစိုးရတစ်ရပ်ကို ဘယ်လိုဖွဲ့စည်းကြမလဲဆိုတဲ့နေရာမှာ ဒီမိုကရေစီစနစ်သည်သာ ယခုအချိန်အထိ အသင့်လျော်ဆုံးဖြစ်တယ်ဆိုတာကိုပညာရှင်တွေရော နိုင်ငံ့ခေါင်းဆောင်တွေရောက တညီတညွတ်တည်း လက်ခံထားကြပြီးသား ဖြစ်ပါတယ်။ ဘာကြောင့်လဲ။ ဒီမိုကရေစီစနစ်မှာ အစိုးရဆိုတဲ့အပိုင်းနဲ့ပြည်သူဆိုတဲ့အပိုင်း နှစ်ပိုင်းကို ယေဘုယျ ခွဲခြားကြည့်မြင် ကြည့် ရအောင်ပါ။ ပြည်သူဆိုတဲ့အပိုင်းမှာ နိုင်ငံတော်ရဲ့ မူလရည်ရွယ်ချက် ဖြစ်တဲ့လူသားရဲ့ အမြင့်ဆုံးသော ကောင်းမွန်တဲ့လူမှုဘဝကို ရရှိပိုင်ဆိုင်စေဖို့ဆိုရင် ပြည်သူမှာ အခြေခံ ရပိုင်ခွင့်တွေ၊ အခွင့်အရေးတွေ အပြည့်အဝ ရရှိစေဖို့နဲ့ ရရှိစေနိုင်မယ့် အာမခံချက်တွေ ရှိဖို့လိုမှာ ဖြစ်ပါတယ်။ တပြိုင်နက်တည်းမှာ အစိုးရဆိုတာကလည်း နိုင်ငံတော်ရဲ့မျှော်ရည်ချက်တွေ၊ ပန်းတိုင်တွေကို အကောင်အထည်ဖော်ပေးနိုင်ဖို့ဆိုရင် နိုင်ငံတော်ရဲ့ အခွင့်အာဏာကို အပြည့်အဝ ကျင့်သုံး ပိုင်ခွင့်ရှိတဲ့ အာဏာပိုင်ယန္တရားဖြစ်ဖို့လိုပြန်ပါတယ်။ အာဏာဟာ လူကိုဖောက်ပြန် စေတတ်တယ်။ အစိုးရဆိုတာ ဟာလည်းလူတွေနဲ့ဖွဲ့စည်းထားတာမို့လို့ ဖောက်ပြန်နိုင်ပါတယ်။ အဲလို မဖောက်ပြန်စေဖို့ အစိုးရ ဆိုတာကိုဘယ်လိုဖွဲ့စည်းကြမလဲဆိုတဲ့ မေးခွန်းကလည်း သမိုင်းတလျှောက် ပညာရှင်တွေ မေးခွန်းထုတ်ကြံဆခဲ့ပြီးသားဖြစ်ပါတယ်။ နောက်ဆုံးတော့ အဲ့လိုမဖောက်ပြန်စေဖို့ ဒီမိုကရေစီစနစ် သည်သာ အကောင်းဆုံးဖြစ်တယ်။ ဒီမိုကရေစီစနစ်နေရာမှာလည်း သူ့မှာ ပါဝင်သင့်ပါဝင်ထိုက်တဲ့တဲ့ အင်္ဂါရပ်တွေနဲ့ ပြည့်စုံတဲ့ ဒီမိုကရေစီ စနစ်ဖြစ်မှသာအဆင်ပြေမယ်ဆိုတာ ပညာရှင်တွေ၊ ခေါင်းဆောင်တွေက သိမြင်လာခဲ့ကြပါတယ်။

### ဒီမိုကရေစီ၏အခြေခံအင်္ဂါရပ် (၇) ခု

အဲဒီလိုနဲ့ ၂၀၀၄ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံမှာ ဒီမိုကရေစီစနစ်နဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက် တစ်ခုချမှတ်ခဲ့ပါတယ်။အဲဒီ ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ ဆုံးဖြတ်ချက်

အရ ဒီမိုကရေစီစနစ်မှာ အခြေခံ အားဖြင့် အောက်ပါအင်္ဂါရပ် (၇) ခု မရှိမဖြစ် ရှိဖို့လိုအပ်တယ်လို့ ဆိုပါတယ်။

အဲဒီ ၇ ရပ်ကတော့

(၁) အခွင့်အာဏာကိုခွဲဝေကျင့်သုံးခြင်းနှင့်အပြန်အလှန်ထိန်းကြောင်းမှုစနစ်ရှိခြင်း

(Separation and balance of power)

(၂) လွတ်လပ်သောတရားစီရင်ရေးစနစ်ရှိခြင်း

(Independence of the judiciary)

(၃) နိုင်ငံရေးပါတီနှင့်အဖွဲ့အစည်းများစုံလင်ကွဲပြားစွာ တည်ရှိဖွံ့ဖြိုးမှုကို အားပေးသောစနစ်ရှိခြင်း

(A pluralistic system of political parties and organisations)

(၄) တရားဥပဒေစိုးမိုးမှုကိုလေးစားလိုက်နာခြင်း

(Respect for the rule of law)

(၅) တာဝန်ခံမှုစနစ်နှင့်ပွင့်လင်းမြင်သာမှုစနစ်ရှိခြင်း

(Accountability and transparency)

(၆) သတင်းမီဒီယာများလွတ်လပ်ခွင့်ရှိခြင်း

(Free, independent and pluralistic media

(၇) လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ မဲပေး ရွေးချယ်ခွင့်နှင့် ရွေးချယ်ခံပိုင်ခွင့် စသည့်အခွင့်အရေးများ အပါအဝင် လူ့အခွင့်အရေးနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို လေးစားမှုရှိခြင်း

(Respect for human and political rights; e.g., freedoms of association and expression; the right to vote and to stand in elections) စတဲ့အချက်တွေပဲ ဖြစ်ပါတယ်။

အဲဒီတစ်ချက်ချင်းစီမှာကျယ်ပြန့်တဲ့အဓိပ္ပါယ်တွေနဲ့အနှစ်သာရတွေရှိနေတာမို့ ဒီနေရာမှာ တစ်ချက် ချင်းကို ရှင်းလင်းဖို့မဖြစ်နိုင်ပါ။ ဒီဆောင်းပါးရဲ့ မူလအစအကြောင်းအရာနဲ့ ဆက်စပ်တဲ့ အင်္ဂါရပ်တစ်ခု ကိုပဲ ရှင်းလင်းချင်ပါတယ်။ အဲဒါကတော့ အာဏာခွဲဝေမှုနဲ့ အပြန်အလှန်ထိန်းကြောင်းမှုစနစ် (Separation and balance of power) ဆိုတဲ့ အချက်ပါ။

## အာဏာခွဲဝေကျင့်သုံးခြင်းသဘောတရား

အာဏာခွဲဝေကျင့်သုံးမှုသဘောတရားနဲ့ပတ်သက်ပြီး ရှေးခေတ်ပညာရှင်တွေထဲမှာ ဂရိ တွေးခေါ် ပညာရှင် အရစ္စတိုတယ်၊ အင်္ဂလိပ်တွေးခေါ်ပညာရှင် ဂျွန်လော့ခ် နဲ့ ပြင်သစ်တွေးခေါ်ပညာရှင် မွန်တက်စကျူ တို့ဟာ ထင်ရှားပါတယ်။ အခွင့်အာဏာကို လူတစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့တည်းရဲ့လက်အတွင်းမှာအပ်နှင်းထားရှိမယ်ဆိုရင် ဒီမိုကရေစီစနစ်ကျင့်သုံးသည့်တိုင်အောင် အာဏာ အလွဲသုံးစားပြုမှုတွေ ပေါ်ပေါက်နိုင်ပြီး အာဏာရှင် စနစ်ဘက်ကို ဦးတည်သွားနိုင်ကြောင်းကို နိုင်ငံရေးတွေးခေါ်ပညာရှင်တွေဖြစ်တဲ့ အရစ္စတိုတယ်တို့၊

ဂျွန်လော့ခ်တို့ တောက်လျှောက် ထောက်ပြခဲ့ဖူးပါတယ်။ ဒါကြောင့်အရစ္စတိုတယ်က နိုင်ငံတော်ရဲ့ အာဏာအစိတ်အပိုင်းသုံးခု (three organs of the state) ကို စနစ်တကျ ခွဲခြားဖွဲ့စည်းနိုင်ပြီဆိုလျှင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ သည်လည်း စနစ်တကျရေးဖွဲ့ပြဋ္ဌာန်းနိုင်ပြီဖြစ်လိမ့်မည်ဟု ဆိုခဲ့သည်။

ဂျွန်လော့ခ်ကတော့ အာဏာအစိတ်အပိုင်းသုံးရပ်စလုံးကို လူတစ်ဦးတစ်ယောက်တည်း၏ လက်ထဲသို့ ဝကွက်အပ်ထားမည်ဆိုလျှင် လူသား၏ဖောက်ပြန်လိုစိတ်ကို အားပေးအားမြှောက်ပြုသွားလိမ့်မည် လို့ဆိုပါတယ်။

မွန်တက်စကျူကတော့ အစိုးရတိုင်းမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ဟူသည့် လုပ်ငန်းသုံးရပ်ရှိပြီး အာဏာတစ်ရပ်ချင်းစီကို အာဏာပိုင်အဖွဲ့တစ်ဖွဲ့ချင်းစီ ကသာ ကိုယ့်နယ်ပယ်နဲ့ကိုယ် ကျင့်သုံးသင့်သည်၊

ဥပဒေပြုရေးနှင့်အုပ်ချုပ်ရေးအာဏာကိုဖြစ်စေ၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအာဏာကိုဖြစ်စေ၊ တရားစီရင်ရေးနှင့်ဥပဒေပြုရေးအာဏာကိုဖြစ်စေ လူတစ်ဦးတစ်ယောက်တည်း သို့မဟုတ် တစ်စုတဖွဲ့ တည်းက ချုပ်ကိုင်ထားမည်ဆိုလျှင် လူသား၏ လွတ်လပ်မှုနဲ့ ဘဝရှင်သန်မှုအတွက် ခြိမ်းခြောက်မှု အန္တရာယ်ရှိလာနိုင်သည် ဟု ဆိုခဲ့တယ်။

အထက်ပါ ပညာရှင်များရဲ့အဆိုအရကြည့်မည်ဆိုလျှင် အာဏာခွဲဝေကျင့်သုံးမှုကို အစိုးရမဏ္ဍိုင်များ ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင် မဏ္ဍိုင်များကြား ခွဲဝေကျင့်သုံးခြင်းကို အဓိက ထောက်ပြခဲ့ကြခြင်းဖြစ်သည်။ခေတ်သစ်အမြင်အရဆိုလျှင် တနည်းအားဖြင့် အလျားလိုက် အာဏာ ခွဲဝေကျင့်သုံးခြင်းစနစ် (Horizontal Separation of Powers) ကို အဓိကပြောခဲ့ကြခြင်း ဖြစ်သည်။

အာဏာခွဲဝေကျင့်သုံးမှုစနစ်ကို အလျားလိုက်သဘောတင်မက ပဲ ဒေါင်လိုက်သဘော(Vertical Separation of Powers) ပါ ကျင့်သုံးဖို့ လိုအပ်ကြောင်းကို အတိအလင်း စတင်ပြောဆို လာခဲ့သူကတော့ အမေရိကန်ပြည်ထောင်စု တည်ထောင်သူတစ်ဦးလည်း ဖြစ်ပြီး အမေရိကန် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်ခဲ့သော ဂျိမ်းစ်ဝီလ်ဆင် ဖြစ်ပါတယ်။ သူက ဒေါင်လိုက်အာဏာခွဲဝေရမယ့် နမူနာသရုပ်ဖော်ပုံစံကို ပိရမစ်ပုံနဲ့ ခိုင်းနှိုင်းတင်စားပြီးတင်ပြခဲ့ဖူးပါတယ်။ "လွတ်လပ်တဲ့(ဒီမိုကရေစီ) အစိုးရတစ်ရပ်ဟာ ပိရမစ်ပုံစံနဲ့အလား သဏ္ဍာန်တူပါတယ်၊ အဒီအစိုးရတစ်ရပ်ဟာ ပိရမစ်ရဲ့ အောက်ခြေနဲ့တူတဲ့ ကျယ်ပြန့်တဲ့ ပြည်သူလူထုအပေါ်အခြေခံပြီး တည်ဆောက်ထားတာဖြစ်တယ်၊ အဲလို ပြည်သူလူထုကိုအခြေပြုထားတဲ့အစိုးရအာဏာဟာ သူ့အမြင့်အလိုက် ရှိရမယ့် အချိုးအစားနဲ့အညီပဲ တဖြည်းဖြည်းနဲ့အမြင့်ကိုတက်သွားပြီး နောက်ဆုံးမှာ အစိတ်အပိုင်းအားလုံး အကြုံးဝင်နေတဲ့ အချိုးညီ သေသပ်တဲ့ အာဏာပိုင် အစိုးရပုံစံတစ်ခုပေါ်လာတာဖြစ်တယ်။ ပိရမစ်ရဲ့ပုံသဏ္ဍာန် ပါအစိတ်အပိုင်းအားလုံးကို ကြည့်မယ်ဆိုရင် လွတ်လပ်တဲ့ (ဒီမိုကရေစီ)အစိုးရတစ်ရပ်မှာရှိရမယ့် အမှတ်သင်္ကေတတွေ အားလုံးပါဝင်နေတာတွေ့ပါလိမ့်မယ်၊ တနည်း အားဖြင့် ပြည်သူနဲ့ဆင့်ကဲချိတ်ဆက်သွားတဲ့စနစ်ကို ပေါ်လွင်စေတဲ့ပုံစံဖြစ်ပါတယ်၊ ဒါဟာ (ဒီမိုကရေစီ) အစိုးရတစ်ရပ်ရဲ့သဘာဝပဲဖြစ်တယ်" လို့ ဆိုခဲ့ပါတယ်။ ဂျိမ်းစ်ဝီလ်ဆင်ရဲ့ဆိုလိုချက်မှာ ဒေသခံပြည်သူလူထုကနေတဆင့် ပေါက်ဖွားလာတဲ့ ဒေသန္တရအစိုးရ၊ ပြည်နယ် အစိုးရ တွေကနေ ပြည်ထောင်စုဗဟိုအစိုးရအဆင့်ဆင့်အထိ နိုင်ငံတော်အခွင့်အာဏာကို သူ့အလွှာနဲ့သူ ကျင့်သုံးခွင့်ရှိစေရမယ်လို့ဆိုလိုခြင်းဖြစ်ပါတယ်။

**အာဏာခွဲဝေကျင့်သုံးမှုအလိုက်ပေါ်ပေါက်လာသော အစိုးရနှင့်ပြည်ထောင်စနစ်များ**

အထက်မှာ ဆွေးနွေးတင်ပြခဲ့တဲ့ အာဏာခွဲဝေကျင့်သုံးမှုစနစ်ကို ပြန်ချုပ်ပြောရမယ်ဆိုရင် အလျားလိုက် အာဏာခွဲဝေကျင့်သုံးမှုဆိုတာ အလွှာတူအစိုးရမဏ္ဍိုင်များ (လွှတ်တော်၊ အစိုးရအဖွဲ့၊ တရားရုံးများ) ကြားအခွင့်အာဏာခွဲဝေကျင့်သုံးရတဲ့စနစ်ဖြစ်ပြီး ဒေါင်လိုက်အာဏာခွဲဝေကျင့်သုံးမှု ဆိုတာကတော့ အစိုးရအလွှာများ(ဗဟိုအစိုးရ၊ ပြည်နယ်အစိုးရ၊ ဒေသန္တရအစိုးရတို့ကြား) အခွင့်အာဏာ ခွဲဝေကျင့်သုံး ရတဲ့စနစ်ကို ဆိုလိုခြင်းဖြစ်ပါတယ်။

အလျားလိုက် အာဏာခွဲဝေကျင့်သုံးမှုမှာ အစိုးရမဏ္ဍိုင်တွေကြားခွဲဝေကျင့်သုံးကြရတယ်ဆိုပေမယ့် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကျင့်သုံးပုံချင်းကွာခြားကြပါတယ်။ အဲလိုကျင့်သုံးပုံ ကွာခြားမှုကြောင့် နိုင်ငံ အလိုက် မတူညီတဲ့ အစိုးရစနစ်ပုံစံတွေဖြစ်တဲ့ ပါလီမန်အစိုးရစနစ် (ဥပမာ - ဗြိတိန်)၊ သမ္မတအစိုးရစနစ် (ဥပမာ - အမေရိကန်)၊ ပါလီမန်-သမ္မတပေါင်းစပ်စနစ် (ဥပမာ - ပြင်သစ်) ဆိုပြီး အဓိကအစိုးရစနစ်ကြီး သုံးခုပေါ်ထွက်လာပြန်ပါတယ်။ ဒေါင်လိုက်အာဏာခွဲဝေကျင့်သုံးမှုစနစ်မှာလည်း အစိုးရအလွှာများကြား အာဏာခွဲဝေကျင့်သုံးပုံမှာတစ်နိုင်ငံနှင့် တစ်နိုင်ငံမတူညီကြတဲ့အတွက် မတူကွဲပြားတဲ့ ပြည်ထောင် စနစ် သုံးမျိုး ပေါ်ပေါက်လာပြန်ပါတယ်။ အဲဒါကတော့ ကွန်ဖက်ဒရေးရှင်းစနစ် ( လွတ်လပ်ရေးရပြီးခါစ အမေ ရိကန်)၊ ဖက်ဒရယ်စနစ် ( ဥပမာ - အမေရိကန်၊ ဂျာမဏီ) နဲ့ တစ်ပြည်ထောင်စနစ် (ဥပမာ - ဗြိတိန်၊ ပြင်သစ်) တို့ဖြစ်ပါတယ်။

(ဒီနေရာမှာ အစိုးရစနစ်တစ်ခုချင်း၊ ပြည်ထောင်စနစ်တစ်ခုချင်းကို ရှင်းလင်းရန် ရည်ရွယ်ရင်း မဟုတ်တာကြောင့် အသေးစိပ်မပြောလိုတော့ပါ)။

အမေရိကန်ပြည်ထောင်စုနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု အမေရိကန်ပြည်ထောင်စုစတင်တည်ထောင်သူတွေဟာ အရစ္စတိုတယ်၊ ဂျွန်လော့ခ်နဲ့ မွန်တက်စကျူး တို့ရဲ့ အလျားလိုက်အာဏာခွဲဝေကျင့်သုံးမှု (Horizontal Separation of Powers)သဘောတရားကို အခြေခံပြီး ကွန်ဂရက်၊ သမ္မတအစိုးရအဖွဲ့နဲ့ ပြည်ထောင်စုတရား လွှတ်တော်ချုပ်တို့ ဖွဲ့စည်းပြီး တစ်ဦးကို တစ်ဦး အပြန်လှန်ထိန်းကြောင်းမှုအားကောင်းတဲ့၊ တစ်ဦးနဲ့တစ်ဦးလွတ်လပ်စွာ ရပ်တည် နိုင်တဲ့ အာဏာပိုင်အင်စတီကျူးရှင်းကြီးတွေနဲ့ အတူသမ္မတအစိုးရစနစ်ကို တည်ဆောက်

နိုင်ခဲ့သလို ဂျိမ်းစ်ဝီလ်ဆင်ရဲ့ ဒေါင်လိုက်အာဏာခွဲဝေကျင့်သုံးမှု (Vertical Separation Of Powers) သဘောတရား ကို အခြေခံပြီး ပြည်ထောင်စုနဲ့ ပြည်နယ်ကြား တစ်ဦးကိုတစ်ဦး ဝင်ရောက်စွက်ဖက်ခွင့် မရှိတဲ့ ခွင့်အာဏာတွေနဲ့အချင်းချင်း အပြန်အလှန်ထိန်းကြောင်းနိုင်တဲ့ ဖက်ဒရယ် စနစ်ကိုအသက်သွင်း ထူထောင်နိုင်ခဲ့ပါတယ်။ အဲဒီသဘောတရားနှစ်ခုစလုံးကိုအမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံ ဥပဒေထဲမှာ အပြည့်အဝထည့်သွင်းပြဌာန်းခဲ့ပြီး လက်တွေ့ကျင့်သုံးခြင်းအားဖြင့် အမေရိကတိုက်ရဲ့ ပထမဆုံး ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို စတင်ထူထောင်အသက်သွင်းခဲ့ကြပါတယ်။ ဒါကြောင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ရဲ့ စံနမူနာနိုင်ငံ တစ်ခုကို ပြပါ ဆိုရင် အမေရိကန် ပြည်ထောင်စုဟာ မပါမဖြစ်ပြရမှာဖြစ်ပါတယ်။

## ဒီမိုကရေစီနဲ့ဖက်ဒရယ်ဆက်နွယ်မှု

ပြန်ချုပ်ရမယ်ဆိုရင် ပြည်သူလူထုရဲ့အကောင်းဆုံးသောလူမှုဘဝတွေကို ရယူဖော်ဆောင်နိုင်ဖို့ဆိုရင် နိုင်ငံတော်မှာ ဒီမိုကရေစီစနစ်ကျင့်သုံးဖို့လိုပါလိမ့်မယ်။ ဒီမိုကရေစီစနစ်သက်ဝင်လည်ပတ်စေဖို့ဆိုရင် သူ့မှာပါဝင်ရမယ့် အခြေခံအင်္ဂါရပ်တွေ မရှိမဖြစ် ပါဝင်နေဖို့ လိုပါတယ်။ ဒီမိုကရေစီစနစ်ရဲ့ မရှိမဖြစ် ပါဝင်ရမယ့် အင်္ဂါရပ်တွေထဲမှာ အာဏာခွဲဝေကျင့်သုံးမှုနဲ့ အပြန်အလှန်ထိန်းကြောင်းနိုင်မှုစနစ် (Separation and Check and Balance of Powers) ဆိုတာ အရေးကြီးအင်္ဂါအစိတ်အပိုင်း တစ်ရပ်ဖြစ်တယ်။ အာဏာခွဲဝေကျင့်သုံးမှုပုံစံနှစ်မျိုးထဲက ဒေါင်လိုက်အာဏာခွဲဝေကျင့်သုံးမှုစနစ်အရသာ ဖက်ဒရယ်စနစ်ကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဖက်ဒရယ်စနစ် ဆိုတာ ဒီမိုကရေစီရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်တယ်ဆိုတာ ပြောရမှာဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၉ ခုနှစ် NCA လေးနှစ်ပြည့်မိန့်ခွန်းထဲမှာ ဖက်ဒရယ်မူ (၆) ချက်ကို အောက်ပါအတိုင်း ထည့်သွင်းကြေညာခဲ့ပါတယ်။

(၁) စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ထူထောင်ရမယ်။

(၂) ဖက်ဒရယ်စနစ်နှင့်အညီ အာဏာခွဲဝေမှုရှိရမယ်။

(၃) သယံဇာတခွဲဝေမှုနှင့် အခွန်ဘဏ္ဍာ ခွဲဝေမှုရှိရမယ်။

(၄) ဖက်ဒရယ်ယူနစ်တွေအားလုံး တန်းတူရည်တူရှိရမယ်။

(၅) ပြည်နယ်တွေမှာ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံနိုင်တဲ့ ကိုယ်ပိုင် အခြေခံဥပဒေတွေရှိရမယ်။

(၆) ပြည်နယ်တွေရဲ့ အာဏာတွေကို ခွဲဝေကျင့်သုံးတဲ့အခါ ပြည်သူလူထုကို အခြေခံရမယ်။

ဒီ (၆)ချက်ကို ကြည့်ရင် ရှေ့ငါးချက်မှာ ဖက်ဒရယ်စနစ်ရဲ့ အနှစ်သာရတွေ ပြောကြားခဲ့ပြီး နောက်ဆုံးမှာ “ပြည်နယ်တွေရဲ့ အာဏာကို ခွဲဝေကျင့်သုံးတဲ့အခါ ပြည်သူလူထုကို အခြေခံရမယ်” ဆိုတဲ့အချက်နဲ့ ပြန်ချုပ်ထားတာကို တွေ့ရပါလိမ့်မယ်။ ဂျိမ်းစ်ဝီလ်ဆင် ပြောတဲ့ ပိရမစ်ပုံစံနဲ့တူတဲ့ ဒီမိုကရေစီဖက်ဒရယ်စနစ်ကို မျှော်မှန်းထားခြင်းဖြစ်တယ်လို့ မှတ်ယူရမယ်ထင်ပါတယ်။

ဇေယျာဦး

**<u>ကိုးကား</u>**

*All Answers ltd, 'Principle of the Separation of Powers' (Lawteacher.net, October 2024) <https://www.lawteacher.net/.../principle-of-the...> accessed 17 October 2024*

*Mijuskovic, O. (2017). Aristotle's concept of the state. S O C R A T E S, 4(4), 13-20. Retrieved from http://socratesjournal.com/inde.../socrates/article/view/254*

*Meyer, M. (2011). International Consensus: Essential Elements of Democracy. Democracy Reporting International.*

*James Wilson and the “Pyramid of Government”. (1976). The Political Science Reviewer, 6, 113-142. https://politicalsciencereviewer.wisc.edu/.../view/133*

*Britannica, The Editors of Encyclopaedia. "separation of powers". Encyclopedia Britannica, 23 Aug. 2024, https://www.britannica.com/topic/separation-of-powers. Accessed 17 October 2024.*

# အင်တာဗျူးကဏ္ဍ

## Chin National Front / Chin National Army
## အမှတ်(၂) တပ်မဟာမှူး ဒုတိယဗိုလ်မှူးကြီး နိုင်ထန်းလျန်နှင့်အင်တာဗျူး

**မင်္ဂလာပါ ဗိုလ်မှူးကြီးခင်ဗျာ အရင်ဆုံး ဗိုလ်မှူးကြီး ကိုယ်တိုင် မိတ်ဆက်ပေးပါဦးခင်ဗျာ**

ဟုတ်ကဲ့ မင်္ဂလာပါ၊ ကျွန်တော်ကတော့ ဒုတိယဗိုလ်မှူးကြီး နိုင်ထန်းလျန် ဖြစ်ပါတယ်။ လက်ရှိချင်းအမျိုးသားတပ်ဦး/ ချင်းအမျိုးသားတပ်မတော် (CNF/ CNA )မှာ အမှတ်(၂) တပ်မဟာရဲ့ တပ်မဟာမှူးအဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။

**ဟုတ်ကဲ့ဗိုလ်မှူးကြီးခင်ဗျာ ဗိုလ်မှူးကြီးအနေနဲ့ လက်ရှိနွေဦးတော်လှန်ရေးအပေါ် ဘယ်လိုရှုမြင်သုံးသပ်မိသလဲ ဆိုတာလေး အရင်ဆုံး ပြောပြပေးပါအုံးခင်ဗျာ။**

ကျွန်တော်တို့အနေနဲ့ ဒီနွေဦးတော်လှန်ရေး မစခင်ကတည်းက တော်လှန်ရေးစလုပ်နေခဲ့တာ အတော်လေးကြာပြီ ဖြစ်တယ်။ တိုင်းရင်းသားလူမျိုးစုတွေအနေနဲ့ တော်လှန်းရေးလုပ်လာခဲ့တာသည် ပြည်သူလူထုအပေါ် အဓိကအခြေခံကြတယ်၊ ဒါပေမယ့် အခြေနေမပေးခဲ့တာကြောင့် ပြည်သူလူထုကတော်လှန်ရေးအင်အားစုတွေအပေါ် နားလည်မှုအားနည်းခဲ့ကြတယ်လို့ ပြောလို့ရပါတယ်။ ဒီ ၂၀၂၁ ခုနှစ် နွေဦးတော်လှန်ရေးပေါ်ပေါက်လာပြီးတဲ့နောက်မှာတော့ ဒီမိုကရေစီရဲ့ အနှစ်သာရကို ပြည်သူလူထုက ပိုပြီးသိရှိ နားလည်လာကြတယ်။ တိုင်းရင်းသားတော်လှန်ရေး အင်အားစုတွေအပေါ်မှာ နားလည်မှုအားကောင်းလာတယ်၊ ဗမာတိုင်းရင်းသားညီအစ်ကိုတွေအနေနဲ့ ကျွန်တော်တို့အပေါ်မှာ ပိုပြီးနားလည်မှု ရှိလာကြတယ်။ စစ်အာဏာရှင်ရဲ့ ဆိုးညစ်မှုတွေကို ထင်ထင်ရှားရှား သိမြင်လာတယ်၊ အဲ့ဒီရဲ့နောက်ပိုင်းမှာ စုစည်းညီညွတ်မှုအား ပိုကောင်းလာတယ်။ ကျွန်တော်စိတ်ပူတာကတော့ ပန်းတိုင်ရောက်ခါနီးမှာ ပြည်သူတွေအားလျော့ပြီး လက်မလျှော့ကြဖို့ပါပဲ။ တော်လှန်ရေးရဲဘော်အချို့ကတော့ ခံပြင်းတဲ့စိတ်တခုတည်းနဲ့ လက်နက်ကိုင်တော်လှန်ရေးထဲကို ဝင်ရောက်လာခဲ့ကြတယ်။ တော်လှန်ရေးကဘယ်ရွေ့ဘယ်မျှကြမယ်၊ ဘယ်လောက်ကြာမယ်ဆိုတာ တပ်အပ်မပြောနိုင်တဲ့အတွက် အချိန်တွေကြာလာတာနဲ့အမျှ စိတ်ဓာတ်ကျတာမျိုး ရှိနိုင်တယ်။ ဒါပေမယ့် နွေဦးတော်လှန်ရေးကတော့ ပြည်သူတရပ်လုံးပါဝင်နေတာဖြစ်တဲ့အတွက် သေချာပေါက်ကို အောင်မြင်လိမ့်မယ်။

**ဟုတ်ကဲ့ပါ ဗိုလ်မှူးကြီးခင်ဗျ၊ လက်ရှိ ပြည်သူ့ကာကွယ်ရေးတပ်မတော်မှာ တာဝန်ထမ်းဆောင်နေတဲ့ တပ်ဖွဲ့ဝင်တွေလည်းများစွာရှိနေပြီဖြစ်သလို ဒေသပြည်သူ့ကာကွယ်ရေးအဖွဲ့တွေ၊ ပကဖ လို့ခေါ်တဲ့ မြို့နယ်ကိုအခြေခံတဲ့ ပြည်သူ့ကာကွယ်ရေးအဖွဲ့တွေမှာတာဝန်ထမ်းဆောင်နေတဲ့ ရဲဘော်တွေများစွာရှိနေပြီးဖြစ်ပါတယ်။ အမိန့်ကွပ်ကဲမှုတည်ဆောက်ပြီး စနစ်တကျသွားနေတဲ့တပ်ဖွဲ့ဝင်တွေရှိသလို အချို့တွေမှာတော့ တည်ဆောက်နေဆဲဖြစ်ပါတယ်။ ဒီအပေါ်မှာ ဗိုလ်မှူးကြီးရဲ့တော်လှန်ရေးခရီး သက်တမ်းမှာကြုံတွေ့ခဲ့ရတဲ့ အတွေ့ကြုံတွေနဲ့ နှိုင်းယှဉ်ပြီး လိုအပ်ချက် ကွာဟချက်ကလေးတွေကို ပြောပြပေးပါအုံးခင်ဗျာ။**

ချင်းပြည်နယ်ကိုအခြေခံပြီးပြောရမယ်ဆိုရင် ကျွန်တော်တော်လှန်ရေးထဲကို စဝင်တဲ့အချိန်မှာ အခက်အခဲတွေအများကြီးရှိခဲ့တယ်။ စားဝတ်နေရေးကအစ လက်နက်ခဲယမ်းအထိ အခက်အခဲပေါင်းများစွာ ကြုံတွေ့ခဲ့ရတယ်။ တော်လှန်ရေးသမားတိုင်း ဒီခက်ခဲကြမ်းတမ်းမှုတွေကိုတော့ မလွဲမသွေကြုံတွေ့ကြရလိမ့်မယ်။ ကွဲဦဟချက်အကြီးမားဆုံးကတော့ ကျွန်တော်တို့မှာဆိုရင် အားလုံးဟာအခြေခံစစ်သင်တန်းကို ပြည့်ပြည့်ဝဝတက်ရောက်ခံယူရတယ်၊ အချို့သူတွေက စစ်တိုက်တတ်ဖို့ဆိုရင် အခြေခံသင်တန်းတက်ဖို့မဘူး၊ သေနတ်ပစ်တတ်ရင်ရပြီဆိုတဲ့ ခံယူချက်ရှိတယ်၊ အဲ့ဒီလိုခံယူချက်မျိုးရှိရင် ဘယ်လိုပြဿနာမျိုးတွေနဲ့ ရင်ဆိုင်ရမလဲဆိုတော့ ၁၀၀မှာ ၇၀ရာခိုင်နှုန်းက အမိန့်နာခံမှုအားနည်းမယ်။ ရဲဘော်ရဲဘက်စိတ်မရှိကြဘူး။ ကိုင်ဆောင်တဲ့လက်နက်တွေကို ကျွမ်းကျင်မှုအားနည်းကြတယ်။ စခေလ့ထုံးတမ်းစဥ်လာတွေကို နားလည်

သဘောပေါက်မှု အားနည်းကြတယ်။ ဥပမာအနေနဲ့ပြောရမယ်ဆိုရင် သင်တန်းဆိုတာမသိတာ မတတ်တာတွေကို သင်ကြားရခြင်းဖြစ်တယ်။ အခြေခံစစ်သင်တန်းတစ်ခုမှာ စစ်တပ်နဲ့ဆိုင်တဲ့အကြောင်းအရာ သိသင့်သိထိုက်တာတွေကို နားလည်သွားရမယ်။ ကျွန်တော်တို့မှာဆိုရင်အနည်းဆုံး ရက်၉၀ သင်တန်းတက်ရမယ်။ စစ်သင်တန်းတက်တယ်ဆိုတာ အရပ်သားဘဝကနေ စစ်သားဘဝကိုပြောင်းပေးတာပဲ။ စစ်သင်တန်းတက်တဲ့အခါ စစ်ဦးစီးချုပ်ရဲ့သားပဲဖြစ်ဖြစ်၊ ဆရာဝန်ပဲဖြစ်ဖြစ်၊ ဥပဒေပညာရှင်ပဲဖြစ်ဖြစ် သူကဘာဖြစ်လို့ပါဆိုပြီး ခွဲခြားလို့မရဘူး။ အားလုံးကိုတသားတည်း၊ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ဆိုတာဖြစ်အောင် လေ့ကျင့်ပေးရတယ်။ ဒီတော့ ကျွန်တော်တို့တွေက တော်လှန်ရေးထဲကိုမဝင်ခင်ကတည်းက တော်လှန်ရေးဆိုတာ ခက်ခဲတယ်၊ ကြမ်းတမ်းတယ် ဆိုတာ ကြိုသိရမယ်။ ဒုတိယကတော့ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်ကိုချစ်တဲ့စိတ်ရှိဖို့လိုတယ်။ ဒီတာဝန်ကို ကိုယ်မှမယူရင်အခြားသူမရှိဘူးဆိုတာကို သဘောပေါက်ထားရမယ်။ ဒီလိုခံယူချက်စိတ်ထားမျိုး ရှိတယ်ဆိုရင် အခက်ခဲတွေနဲ့ကြုံလာတဲ့အခါမှာ ကိုယ့်ဆုံးဖြတ်ချက်ကိုပြန်တွေးပြီး ငါဆက်တာဝန်ထမ်းဆောင်ရမယ် ဆိုတဲ့ စိတ်ဓာတ်မျိုးခိုင်မာစွာနဲ့ ရှိနေလိမ့်မယ်လို့ ပြောလို့ရတယ်။

**ဟုတ်ကဲ့ပါ ဗိုလ်မှူးကြီးခင်ဗျာ။ စစ်တပ်တခုမှာ Chain Of Command ဟာဘယ်လောက်အထိအရေးကြီးတယ်လို့ယူဆပါသလဲ၊ ဘာကြောင့်လို့ယူဆပါသလဲခင်ဗျ။**

စစ်တပ်တခုမှာ အမိန့်ဆိုတာအရေးကြီးဆုံးပဲ၊ အဖွဲ့စည်းတခုလုံးရဲ့အသက်လို့တောင် ပြောလို့ရတယ်၊ ဥပမာ ရဲဘော်တစ်ယောက်က အမိန့်မနာခံရင် တပ်တခုလုံးအသက်ဆုံးပါးသွားနိုင်တယ်။ အမိန့်ဆိုတဲ့နေရာမှာတောင် တပ်ထဲမှာရှိတဲ့အမိန့် စစ်ဆင်ရေးသွားနေတဲ့အချိန်မှာအမိန့်၊ ဒီနှစ်ခုမတူဘူး။ စစ်ဆင်ရေးမှာ ကျင့်သုံးတဲ့အမိန့်နဲ့ နောက်တန်းတပ်ရင်းမှာ စစ်ရေးအခြေနေငြိမ်တဲ့ အချိန်မှာ အမိန့်နဲ့မတူဘူး။ စစ်ဆင်ရေးမှာ အရက်မသောက်ရဘူး၊ ဆေးလိပ်မသောက်ရဘူး၊ မူးယစ်ဆေးမသုံးရဘူး။ စသဖြင့် အမိန့်ပေးတာတွေရှိမယ်။ ဒီအမိန့်တွေကိုသေးသေးလေးကအစ ဖောက်ဖျက်ခဲ့လို့ရှိရင် စစ်ဆင်ရေးတခုလုံး ဆုံးရှုံးသွားနိုင်တယ်။ နောက်တန်းတပ်ရင်းတွေမှာတော့ စစ်ရေးအခြေနေ ငြိမ်သက်တဲ့ကာလမှာ အချို့အမိန့်မနာခံတာတွေရှိပေမယ့် မမြင်ချင် မကြားချင်ယောင် ပြုပေးရတာလည်းရှိတယ်။ အမိန့်ဆိုတဲ့နေရာမှာလည်း တပ်မှူးကအမိန့်ထုတ်ပြီးရင် တပ်မှူးကိုတိုင်လည်း လိုက်နာရမယ်။ ကိုယ်ကအမိန့်သာထုတ်ပြီး ကြိုက်သလိုနေမယ်၊ လိုက်နာမှုမရှိဘူး။ ရဲဘော်တွေကိုတော့ အမိန့်နာခံပါပြောနေရင် စိတ်ဓာတ်ကပျက်ပြားသွားမယ်။

**ဟုတ်ကဲ့ပါ ဗိုလ်မှူးကြီးခင်ဗျာ၊ အမိန့်နာခံမှုအားကောင်းတဲ့ စစ်သားကောင်း အရာရှိကောင်းတစ်ယောက်ဖြစ်အောင် ဘယ်လိုပြုပြင်ထိန်းကျောင်းရလဲဆိုတာ ဗိုလ်မှူးကြီးရဲ့ အတွေ့အကြုံနဲ့ မျှဝေ ပြောပြပေးပါအုံးခင်ဗျာ။**

နောက်တန်းမှာရှိတဲ့ ရဲဘော်တွေပေါ့နော်။ကျွန်တော်တို့က တော်လှန်ရေး အဖွဲ့အစည်းဖြစ်တဲ့အတွက် ငွေရေးကြေးရေး အခက်အခဲအများကြီးရှိတယ်။ အဲဒီအချိန်မှာ ကျွန်တော့်ရဲဘော်တယောက်ရဲ့အမျိုးသမီးက နေမကောင်းဖြစ်တယ်။အဲဒါမျိုးကို ကျွန်တော်တို့ တပ်မှူးတွေအနေနဲ့ဖြည့်ဆည်းပေးရတယ်။ လက်အောက်ငယ်သားတွေရဲ့အခက်အခဲကို ကူညီဖြေရှင်းပေးတာမျိုးကို တပ်မှူးတွေ၊ခေါင်းဆောင်တွေက ဆောင်ရွက်ပေးနိုင်ရင် အမိန့်နာခံမှုလည်း ပိုအားကောင်းလာမယ်။ပျက်ကွက်လိုက်ရင်တော့ အမိန့်နာခံမှု အားနည်းသွားလိမ့်မယ်။အမိန့်နာခံမှုနဲ့ပတ်သတ်ပြီး ကိုယ့်ရဲဘော်တွေထဲမှာ အုပ်စုလိုက် ပြဿနာရှိနေပြီဆိုရင် သူတို့ရဲ့ပြဿနာရင်းမြစ်ကို သိဖို့လိုတယ်။ တပ်မှူးကို မကျေနပ်တာလား၊အချင်းချင်းမကျေနပ်တာလား။ ပြဿနာရဲ့အရင်းအမြစ်ကို သိရင် တပ်မှာရှိထားတဲ့ စစ်ဥပဒေနဲ့ ထိန်းကျောင်းဖြေရှင်းရင် လွယ်လွယ်ကူကူနဲ့ဖြေရှင်းနိုင်ပါတယ်။နောက်တန်းတပ်ရင်းတွေမှာ အပြင်းထန်ဆုံး အမိန့်မနာခံမှုက တပ်ပြေးမှုပဲ။အမိန့်ဆိုတဲ့နေရာမှာ ပြစ်ဒဏ်တွေပဲပေးနေရမှာမဟုတ်ဘူး။ကိုယ့်ရဲ့တပ်ဖွဲ့ဝင်တွေကို ပျော်ရွှင်စေဖို့စီမံဆောင်ရွက်ပေးတာလည်း အမိန့်ပဲ။ကျွန်တော့်သက်တမ်းတလျှောက်မှာတော့ ကျွန်တော်ရဲဘော်တွေကို ထိန်းတဲ့အခါမှာ အေးအေးဆေးဆေးပြောတယ်၊ရှင်းပြတယ်။ဥပမာဆိုရင် ရဲဘော်တယောက် သောက်စားပြီး မူးယစ်နေရင် ကျွန်တော်ကအိပ်ခိုင်းလိုက်တယ်။မူးနေတဲ့အချိန်မှာဆိုရင် ဘယ်သူပြောပြော မမှန်နိုင်ဘူး။ဒါကြောင့် သူကြည်လင်တဲ့အချိန် နောက်နေ့မနက်စောစောမှာ သူ့ကိုမေးတယ်။ဘာဖြစ်ဒီလိုပြုမူရလဲ၊ဒီစကားပြောရလဲဆိုတာကိုမေးတယ်။ရှိထားတဲ့ စစ်ဥပဒေနဲ့သူ့ကိုရှင်းပြတယ်။ဒီပုဒ်မတွေရှိတယ်၊ဒီအပြစ်ကို ကျူးလွန်မိတဲ့

အတွက် ဒီပြစ်ဒဏ်ကိုကျခံရမယ်။အပြစ်လုပ်မိတဲ့ ရဲဘော်က ဒါကိုနားလည်မှုရှိရှိနဲ့ လက်ခံပြီးမှ အပြစ်ကိုယူတယ်။ကျွန်တော်တို့ တပ်ထဲမှာဆိုရင်လည်း ကြီးတဲ့အမှုကို ငယ်အောင်၊ငယ်တဲ့အမှုကို ပပျောက်အောင်လုပ်ရတယ်။ပြစ်ဒဏ်အသေးအဖွဲ့ဆိုရင်တော့ သူ့ကို ကြိမ်ဒဏ်ပဲပေးတယ်။ဒီထပ်ဆိုးမှ ခြောက်ပေါက်ထဲထည့်တယ်။အဲဒီထပ်ဆိုးမှ သူ့ကိုအချုပ်ချတယ်။ဘာပြစ်ဒဏ်ပဲဖြစ်ဖြစ် ပြစ်ဒဏ်ကနေလွတ်လာတဲ့အချိန်မှာ သူ့ကိုပြန်ပြောရတယ် ခင်ဗျားကတပ်မှာအားကိုးရတဲ့လူ၊နောင်တချိန်မှာ ခုလိုမျိုးမထိန်းသိမ်းထားရင် ခင်ဗျားအမှားတွေဆက်လုပ်မိလိမ့်မယ်။ဒါကြောင့် ခင်ဗျားကောင်းဖို့အတွက် ကျွန်တော်တို့က လုပ်ရတာပါဆိုပြီး ပြန်ပြောရတယ်၊ဒီလိုမျိုးပေါ့နော်။နောက်ပြီး ကျွန်တော်က ကျွန်တော့်လက်အောက်က အရာရှိတွေကို အမြဲတမ်းမှာတယ်။မင်းတို့အရက်သောက်ထားရင် အရက်မူးပြီးမှားတဲ့ ကိုယ့်ရဲဘော်တွေကို ဘယ်တော့မှအရေးမယူနဲ့၊မင်းတို့ကိုယ်တိုင်လည်းသောက်ထားတယ် ၊မူးနေတယ်ဆိုရင် ငယ်သားကိုလည်း အရေးမယူရဘူး။ဒီလို အမြဲတမ်းမှာတယ်။

စစ်ဆင်ရေးမှာကျတော့ အချိန်ကြာလာတာနဲ့အမျှ ရဲဘော်တွေ စစ်ပန်းလာတယ်။အဓိက အကျဆုံးကတော့ စစ်ကြောင်းမှူးက အဓိကအကျဆုံးဖြစ်မယ်။တပ်မှူးက ရှေ့ကနေဦးဆောင်ပြီးတော့ လုပ်ပြရမယ်။တပ်မှူးတွေကိုယ်တိုင်က ရဲဘော်တွေကို အားပေးစကားပြောရမယ်။ဒီစစ်ဆင်ရေးအောင်မြင်ပြီးသွားရင် ကိုယ့်ရဲဘော်တွေကို ဘာလုပ်ချင်လဲ၊ဘာဖြစ်ချင်လဲ ဖြည့်ဆည်းပေးရမယ်။ဒီစစ်ဆင်ရေး အောင်မြင်ပြီးသွားရင် ကိုယ့်ရဲဘော်တွေအတွက် ဘာဖြည့်ဆည်းပေးမယ်ဆိုတဲ့ ပျော်ရွှင်မှုကို ကြိုပြီးရှာပေးထားရမယ်။အဲဒီနေရာမှာ ကိုယ်ကအေးဆေးနေပြီး ရဲဘော်တွေကိုပဲ ခိုင်းနေမယ်ဆိုရင်တော့မရဘူး။ကိုယ်တိုင်က ရှေ့ကနေဦးဆောင်ပြီး ရဲဘော်တို့ ဒါလေးတော့လုပ်ရအောင်၊အသက်အန္တရာယ်ရှိတယ်။ဒါလေးတော့ ပြင်ရအောင်စသဖြင့် ကိုယ်ကဦးဆောင်ပြီး လုပ်မယ်ဆိုရင် ရဲဘော်တွေအားလုံးက မညည်းမညူလိုက်လုပ်ကြလိမ့်မယ်။နောက်တခုက တပ်မှူးက ရှေ့တန်းက ကိုယ့်ရဲဘော်တွေအတွက် ထောက်ပံ့ပို့ဆောင်ရေး ကောင်းမွန်ဖို့ တက်နိုင်သလောက် ရှိသမျှတာဝန်ယူပေးရမယ်။

**ဗိုလ်မှူးကြီးရဲ့တော်လှန်ရေးသက်တမ်း တစ်လျှောက်မှာ Chain Of Command ရဲ့ ကန့်သတ်ချက်ကို လိုက်နာနိုင်ခြင်း မရှိဘဲ လွန်ဆန်လိုက်ရတဲ့ အခြေအနေတွေကို ကြုံဖူးပါသလားခင်ဗျာ။ဗိုလ်မှူးကြီးရဲ့ အတွေ့အကြုံကို ပြောပြပေးပါဦးခင်ဗျာ။**

ကျွန်တော့် သက်တမ်းမှာ အထက်ကပေးတဲ့ အမိန့်နဲ့မြေပြင်အနေအထားနဲ့ ကိုက်ညီမှုမရှိတဲ့အခါ အထက်ကပေးတဲ့အမိန့်ကို လွန်ဆန်ခဲ့ရတာမျိုးတွေ ရှိပါတယ်။ အဲဒီလို အချိန်မျိုးမှာ တပ်မှူးကပဲ အရေးကြီးဆုံးဖြစ်လိမ့်မယ်။ ဥပမာ ဒီစခန်းကုန်းတစ်ခုကို တိုက်မယ်ဆိုတဲ့ အခါမှာ ရန်သူရဲ့ အင်အား အခြေအနေက ကိုယ်မှန်းထားတာထက်ကို ပိုများ သာလွန်နေခဲ့တယ်ဆိုရင် ကိုယ့်လက်အောက်ငယ်သားတွေ အများကြီးလည်း အသက်ဆုံးရှုံးရမယ်ဆိုရင် တပ်မှူးကပဲ ဆုံးဖြတ်ရတယ်။ ဒီစခန်းကိုလည်း မသိမ်းနိုင်ဘူး။ ကိုယ့်လူတွေကလည်း အသက်အများကြီး ဆုံးရှုံးမယ်ဆိုရင် ဘာဖြစ်လို့ တိုက်မှာလဲ။ အဲဒီလို အခြေအနေ မျိုးမှာဆိုရင် တပ်မှူးက အထက်အမိန့်ကို လွန်ဆန်ပြီး ဆုံးဖြတ်ရတယ်။ ဒီလို ဆုံးဖြတ်လို့ အရေးယူခံရမယ် ဆိုရင်လည်း အရေးယူခံမယ်ပေါ့နော်။

**ဟုတ်ကဲ့ပါ ဗိုလ်မှူးကြီးခင်မျာ။ အမိန့်နာခံမှု ပြည့်ဝကောင်းမွန်တဲ့ စစ်သားတစ်ယောက်ဖြစ်ဖို့ အရေးကြီးဆုံးအချက်တွေက ဘာတွေဖြစ်မယ်လို့ ထင်ပါသလဲခင်ဗျာ။**

အဓိက အကျဆုံးအရေးကြီးဆုံးလို့ပြောနိုင်တာက အခြေခံသင်တန်းပြီးတဲ့ အချိန်မှာ ကိုယ်တာဝန်ကျတဲ့ တပ်စိတ်မှူးက ဘယ်လိုလူဖြစ်မလဲဆိုတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ စစ်တပ်တခုမှာ တပ်စိတ်က အခြေခံအကျဆုံးဖြစ်တယ်။ အခြေခံသင်တန်းပြီးလို့ တပ်မှာ တာဝန်ကျသွားတဲ့ အခါ အမိန့်နာခံမှုကောင်းတဲ့ တပ်စိတ်မှူးဆိုရင် အောက်မှာ ရှိတဲ့ လူတွေကလည်း အမိန့်နာခံမှုရှိမယ်။ ဒီတော့ လက်ဦးဆရာက အရေးကြီးဆုံးပဲ ဖြစ်လိမ့်မယ်။ ဥပမာ ဆိုရင် အခြေခံသင်တန်း တစ်ပတ်စဉ်တည်း တက်ကြတာပဲ။ ဒါပေမဲ့ အချို့တွေက ရာထူးတွေ တစ်ဆင့်ပြီး တစ်ဆင့် တက်ကြတယ်။ ဘယ်အပေါ်မှာမူတည်လဲဆိုတော့ ကိုယ့်ကိုယ်ကိုယ် အပေါ်မှာလည်း မူတည်တယ်။ လက်ဦးဆရာ တပ်စိတ်မှူးအပေါ်မှာ လည်း အများကြီးမူတည်တယ်။ ကိုယ့်ရဲ့ တပ်စိတ်မှူးနဲ့ ဇလလောက် နေရတဲ့အခါမှာ အတော်များများက အလေ့အကျင့် ဖြစ်သွားတတ်ကြ

တယ်။ ဒါကြောင့် အမိန့်နာခံမှုအတွက် အခြေခံအကျဆုံးသည် တပ်စိတ်မှူးတွေ ဖြစ်လိမ့်မယ်။ စစ်သားကောင်းတစ်ယောက်ဖြစ်ဖို့ဆိုရင် အမိန့်နာခံမှုကောင်းရမယ်။ စိတ်ဓါတ်ကောင်းမွန်မှု ရှိရမယ်။ ကိုယ်တိုင်က အားထုတ်လိုတဲ့၊ ကြိုးစားလိုတဲ့၊ တော်လှန်ရေးအတွက် ပေးဆပ်ပြီး လုပ်လိုတဲ့ ဆန္ဒရှိဖို့လိုတယ်။ ပြင်ပ ဗဟုသုတတွေကို အမြဲဆည်းပူးနေဖို့လိုတယ်။

**ဟုတ်ကဲ့ ဗိုလ်မှူးကြီးခင်ဗျာ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်းတွေကို ကျော်လွှားဖို့ရာ ခက်ခဲတဲ့ အခြေအနေမျိုးတွေ ကြုံတွေ့ရတာမျိုး ရှိလာတဲ့ အခါမှာ ဘယ်လိုမျိုးဖြေရှင်း၊ ဘာတွေကို မျက်နာမူရမလဲ ဆိုတာလေး ပြောပြပေးပါဦးခင်ဗျာ။**

ဒီနွေဦးတော်လှန်ရေးမှာ လူငယ်တွေဟာ မကျေနပ်စိတ် ခံပြင်းစိတ်တွေနဲ့ ရောက်လာတဲ့ သူတွေရှိတယ်။ အဲဒီအခါမျိုးမှာ သူ မကျေနပ်တဲ့ သူတွေကို ဒလန်ဆိုပြီးတော့ လုပ်လိုက်တာမျိုးတွေရှိတယ်။ Code of Conduct ဆိုတဲ့ နေရာမှာ အောက်ခြေရဲဘော်တွေ၊ အထက်အရာရှိတွေ အားလုံး ကောင်းကောင်းမွန်မွန် သိနားလည်ဖို့လိုအပ်တယ်။ အမြဲတမ်းရှင်းပြနေဖို့ လိုအပ်တယ်။ ရဲဘော်တွေဆီကို ရောက်အောင် ဖြန့်ဖို့လိုအပ်တယ်။ ကျွန်တော်တို့လုပ်တာဆိုရင် Code Of Conduct နဲ့ ပါတ်သတ်ပြီးတော့ တပ်မဟာမှူးတွေကို ဌာနချုပ်ကနေ ဆင့်ခေါ်လိုက်တယ်။ ပြီးရင် တပါတ်တိတိ သင်တန်းပေးတယ်။ တပ်မဟာမှူးတွေက တဆင့် တပ်ရင်းမှူး ၊ ဒုရင်းမှူးတွေကို ဆင့်ကဲဆင့်ကဲ ဖြန့်ဝေမှု လုပ်ရတယ်။ တပ်က ချမှတ်ထားတဲ့ ကျင့်ဝတ်စည်းကမ်းတွေအပြင် နိုင်ငံတကာက ချမှတ်ထားတဲ့ ကျင့်ဝတ်စည်းကမ်းတွေကို ကိုယ့်ရဲ့ တပ်ဖွဲ့နဲ့ နှိုင်းယှဉ်ပြီးတော့ သင်ကြားပေးရတယ်။ နိုင်ငံတကာမှာ ရှိတဲ့ တပ်တွေကတော့ ဘယ်လိုလိုက်နာတယ်။ ကျွန်တော်တို့ တပ်ကလည်း နိုင်ငံတကာက ချမှတ်ထားတဲ့ ကျင့်ဝတ်စည်းကမ်းတွေ အပြင် ကိုယ့်တပ်ရဲ့ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်းတွေကို ဘယ်လိုလိုက်နာတယ် စသဖြင့် နှိုင်းယှဉ်ပြီး သင်တန်းမှာ ပို့ချတယ်။ လိုက်နာဖို့ အခက်ခဲဆုံးကတော့ စစ်သုံ့ပန်းနဲ့ ဒလန်ကို ကိုင်တွယ်တာ ဖြစ်လိမ့်မယ်။ ပုံမှန်ဆိုရင်တော့ ဒလန်တစ်ယောက်ကို ရှင်းမယ်ဆိုရင် တပ်မှူးငယ်တစ်ယောက်က ရှင်းလို့မရဘူး။ အထက်အဆင့်ဆင့် တပ်မှူးတွေကို တင်ပြရမယ်။ သက်ဆိုင်ရာ ကျင့်ဝတ် စည်းမျဉ်းစည်းကမ်းနဲ့ ထိန်းသိမ်း ထားရမယ်ပေါ့နော်။ Code Of Conduct ကို နားလည်မှုမရှိတဲ့ တပ်မှူးတစ်ယောက်ကသာ ရှင်းလို့ အမိန့်ပေးလိုက်မယ်ဆိုရင်တော့ အဆိုးဝါးဆုံးဖြစ်သွားမယ်။ နောက်ခက်ခဲတာက ပြည်သူလူထုနဲ့ ဆက်ဆံတဲ့ အခါမှာ ပြည်သူကကျွေးတဲ့ ထမင်းကိုစားပြီး တော်လှန်ရေး လုပ်နေရတဲ့ အခါကျတော့ တစ်ခါတစ်လေမှာ ပြည်သူက ကိုယ့်ရဲ့ အဖွဲ့ အစည်းကို မပံ့ပိုး၊ မထောက်ခံတဲ့ အပြင် ကိုယ့်ရဲ့ အဖွဲ့ အစည်း တွေကို အပုတ်ချ ပြောဆိုတာမျိုးဆိုရင် ကျင့်ဝတ် စည်းမျဉ်းတွေကို ကျေညက်ပေမယ့်လို့ လိုက်နာရခက်ခဲတဲ့ အပိုင်းတွေ ရှိတယ်။

**ပြည်သူ့ကာကွယ်ရေးရဲဘော်တွေကြားမှာ စစ်ရေးနှင့် လက်တုန့်ပြန်လိုတဲ့ စိတ်ကြားမှာ ရောထွေးနေတာကို တွေ့ရပါတယ်။ ဒါနဲ့ပါတ်သတ်ပြီး ဘယ်အရာတွေကို ဂရုတစိုက်ပြင်ဆင်ဖို့ လိုအပ်ပါသလဲ ဗိုလ်မှူးကြီးခင်ဗျာ။**

ပြည်သူ့ကာကွယ်ရေးရဲဘော်တွေကြားမှာ ဖြစ်ပေါ်နေတဲ့ လက်တုံ့ပြန်လိုမှုနဲ့ စစ်ရေးလှုပ်ရှားမှုတွေ ရောထွေးတဲ့ အပေါ်မှာ ကျွန်တော်တို့က ဘာကို ရည်မှန်းသလဲ ဆိုတာကို ရှင်းလင်းပြတ်သားဖို့လိုတယ်။ အဲဒီရည်မှန်းချက်ကို လုပ်နေတဲ့ အချိန်မှာ ခံပြင်းစိတ်တွေနဲ့ မရဘူး။ အမျိုးသားရေးစိတ်ဓာတ်နဲ့ သွားဖို့လိုတယ်။ ခံပြင်းစိတ်၊ မကျေနပ်စိတ်နဲ့ သွားမယ်ဆိုရင် ပုဂ္ဂိုလ်ရေးအရ မကျေနပ်မှုတွေပါ ရောပြီး ပါသွားနိုင်တယ်။ အခြားပြည်သူလုထုတွေမှာ ထိခိုက်နစ်နာတာမျိုးတွေ ရှိလာနိုင်တယ်။ ကျွန်တော်ရဲ့ အမြင်အရဆိုရင် ဒီလူတစ်ယောက်က ဒလန်တစ်ယောက်ဆိုတာ အချက်အလက်တွေ အရ ခိုင်မာနေပြီ။ သူ့ကို အရေးယူရတော့မယ်ဆိုရင် ကျနော်တို့ အဖွဲ့ အစည်းအတွက် ဘယ်လောက်အထိ ဆုတ်ယုတ်မှု ရှိမလဲ ဆိုတာကို တိုင်းထွာရမယ်။ တော်လှန်ရေး နဲ့ တိုင်းထွာရမယ်။ လိုအပ်ရင် သူ့ရဲ့ ဖုန်းတွေ အားလုံးကို သိမ်းဆည်းလိုက်မယ်။ အချုပ်ထဲမှာ ထည့်ထားလိုက်မယ်။ သူ့ရဲ့ မိသားစု ဝင်တွေကိုလည်း အကြောင်းကြားမယ်။ သူကိုယ်တိုင်ကလည်း မိသားစုဆီကို ဆက်သွယ်မယ်။ သူ့မိသားစုဝင်တွေကိုပါ တစ်ခါတည်း စည်းရုံးတာမျိုး လုပ်ရမယ်။

**လက်ရှိမှာ ပြန့်ကျဲနေတဲ့ အဖွဲ့အစည်း တွေကြားမှာ ခိုင်မာအားကောင်းတဲ့ အချိတ်အဆက် သို့မဟုတ် ယန္တရားတစ်ခုတည်ဆောက်ရန် လိုအပ်နေတယ်။ ဒါကို အဖွဲ့အစည်းတော်တော်များများကလည်း လက်ခံကြတယ်။ လက်တွေ့အကောင်အထည်ဖော်တဲ့ နေရာမှာ မျှော်လင့်ထားတဲ့ အခြေအနေကိုရောက်ဖို့ ခက်ခဲနေသေးတယ်ဆိုတာကို တွေ့ရတယ်။ ဒါနဲ့ ပါတ်သတ်ပြီးတော့လည်း ဗိုလ်မှူးကြီးရဲ့ အမြင်ကို မျှဝေပေးပါဦးခင်ဗျာ။**

ပြန့်ကျဲနေတဲ့ အဖွဲ့အစည်း တွေကို စုစည်းတဲ့အခါမှာ ကျွန်တော့်ရဲ့ အတွေ့အကြုံတွေအရ တော်တော်များများက ခေါင်းဆောင်လုပ်ချင်ကြတယ်။ ဥပမာ စစ်ဗိုလ်တစ်ယောက်ဖြစ်လာဖို့ အတွက်ဆိုရင် အချိန်တွေ၊ အသက်၊ သွေး၊ ချွေးတွေ အများကြီး ပေးဆပ်ပြီးမှ ဖြစ်လာရတယ်။ စစ်တပ်ရဲ့ သဘောသဘာဝက အောက်ခြေကနေ အဆင့်ဆင့် တက်လာရတယ်။ တပ်သားကနေ ဒုတပ်ကြပ်၊ တပ်ကြပ်ဖြစ်လာဖို့အတွက် အဆင့်ဆင့် ကို ဖြတ်ကျော်ခဲ့ဖူးပြီးမှ ရောက်ရတယ်။ ဥပမာ ကျွန်တော့်နေရာမှာသာ ဆရာက တပါတ်လောက်ပဲ လုပ်ကြည့်ရင် သိလိမ့်မယ်ပေါ့နော်။ အချိန်အကြာကြီး တာဝန်ထမ်းဆောင်တဲ့ အခါမှာ ဘယ်တပ်သားကို ဘယ်လို ထိန်းကြောင်းရမလဲဆိုတာကို သဘောပေါက်လာလိမ့်မယ်။ စုစည်းဖို့တော့ အင်မတန်ခက်လိမ့်မယ်။ ရှိပြီးသား တိုင်းရင်းသားတော်လှန်ရေး အင်အားစုတွေနဲ့ ပူးပေါင်းပြီး ထိန်းကျောင်း ဆောင်ရွက်သွားမယ် ဆိုရင်တော့ အောင်မြင်မှုတွေ ရနိုင်တယ်။ ပူးတွဲပြီး အလုပ်လုပ်တဲ့ နေရာမှာ ဆိုရင်လည်း လက်နက်ကိုင် စစ်ဥပဒေသတွေကို အတိအကျ လိုက်နာဖို့လိုလိမ့်မယ်။ ဒါမှသာ လက်တွဲ လုပ်ဆောင်နိုင်မယ် ပေါ့နော်။

**အမိန့်စီးဆင်းမှု၊ အမိန့်နာခံမှုနှင့် စစ်သည်ကျင့်ဝတ်များကို ပြောတဲ့အခါမှာ ခိုင်မာအားကောင်းတဲ့ တစုတဖွဲ့တည်းဖြစ်မှု သို့မဟုတ် ခိုင်မာအားကောင်းတဲ့ တခုတည်းသောစနစ်နှင့်စည်းနှောင်မှု အားမှာလည်း အရေးကြီးတာကို တွေ့ရပါတယ်။ ဒီနေရာမှာ ရန်သူ့ဘက်က စနစ်တကျသွေးထိုးမှု၊ မိမိတို့ အချင်းချင်း ပြိုင်ဆိုင်မှုတွေကြောင့် နွေဦးတော်လှန်ရေး အင်အားစုတွေကြားမှာ စိတ်ဝမ်းကွဲမှုတွေ၊ အချင်းချင်းယုံကြည်မှုနဲ့ တလေးတစား အလုပ်လုပ်နိုင်မှုတွေ လျော့နည်းလာတာတွေ တွေ့ရပါတယ်။ ဒါတွေကို ဖြေလျော့ဖို့အတွက်နဲ့ တကယ်လိုအပ်နေတဲ့ ညီညွတ်မှုတွေကို တည်ဆောက်ဖို့ရာ Chain of Command၊ Code of Conduct တွေကို လိုက်နာမှုနဲ့ ဘယ်လောက်ထိ ချိတ်ဆက်မှု ရှိနေပါသလဲ။ ဘာတွေကို ပြုပြင်ဖို့ လိုပါသလဲ ဗိုလ်မှူးကြီး ခင်ဗျာ။**

ကျွန်တော်တို့ နွေဦးတော်လှန်ရေးကို လုပ်နေတာသည် ဘာကြောင့်လုပ်နေရတာလဲ ဆိုတာကို တော်လှန်ရေးသမားတိုင်း အမြဲတမ်းဆန်းစစ်နေဖို့ လိုတယ်။ စစ်အာဏာရှင်ကို ကျဆုံးစေဖို့အတွက် တိုက်နေတာ ဖြစ်တယ်။ ဘုံရန်သူကို ဖြုတ်ချနိုင်ဖို့အတွက် အချင်းချင်း တိုက်ခိုက်နေရမှာ မဟုတ်ဘူး။ ညှိနှိုင်းအဖြေရှာကြဖို့ လိုတယ်။ မပြေလည်တာတွေ ရှိနေဦးတောင်မှ ညှိနှိုင်းယူရမယ်။ အခုဆို C3C လည်း ရှိနေပြီ။ အမိန့်ပေးကွပ်ကဲမှုကို တည်ဆောက်ထားနိုင်ပြီ။ တပြိုင်နက်တည်း ဆောင်ရွက်နိုင်ရင် စစ်ကောင်စီကို အမြန်ဆုံး အလဲထိုးနိုင်လိမ့်မယ်။

**ဟုတ်ကဲ့ပါ ဗိုလ်မှူးကြီး ခင်ဗျာ**

**အခုလို အချိန်ပေးပြီး ဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်။ ဗိုလ်မှူးကြီးအနေနဲ့ ကျွန်တော်တို့ ပြည်သူ့ကာကွယ်ရေးရဲဘော်တွေကို နိဂုံးချုပ် အမှာစကားလေးပါးပေးပါဦး ခင်ဗျာ။**

ကျွန်တော့်အနေနဲ့ လူငယ်တွေ၊ ပညာတတ်တွေ နွေဦးတော်လှန်ရေးမှာ ပါဝင်နေတဲ့အတွက် အင်မတန်ဂုဏ်ယူတယ်။ စစ်အာဏာရှင်ကို အမြစ်ပြတ်တော်လှန်ဖို့အတွက် ပြည်သူလူထုရဲ့ အင်အားသာ ပဓာနဖြစ်တယ်။ ဒါကြောင့် ပြည်သူလူထုနဲ့ ဆက်ဆံတဲ့အခါ CoC တွေကို အပြည့်အဝ လိုက်နာဖို့ လိုတယ်၊ နွေဦးတော်လှန်ရေးရဲ့ ဦးတည်ချက်ကို အမြဲသတိချပ်ဖို့ လိုတယ်၊ နောက်ပြီးတော့ ခံပြင်းစိတ်၊ ပုဂ္ဂိုလ်ရေးမကျေနပ်မှု တခုတည်းနဲ့ မဟုတ်ဘဲ စစ်အာဏာရှင်ကျဆုံးရေးဆိုတဲ့ ဦးတည်ချက်နဲ့ အတူတကွ ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရအောင်လို့ပဲ တိုက်တွန်းချင်ပါတယ်။


ပြည်သူ့ကာကွယ်ရေးတပ်မတော်
စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ
စစ်သည်တော်ကျင့်ဝတ်စည်းမျဉ်းများ
၁ စစ်ရေးရည်မှန်းချက်ပြင့်သာတိုက်ပွဲဖော်ဆောင်ရမည်။
၂ စစ်ဆင်ရေး ဆောင်ရွက်ရာတွင် လိုအပ်သော အင်အားကိုသာ အသုံးပြု၍ ထိခိုက် ပျက်စီးမှု အနည်းဆုံးဖြစ်စေရန် စီမံဆောင်ရွက်ရမည်။
၃ အရပ်သားပြည်သူများအား ကာကွယ်စောင့်ရှောက်ရမည်။ အရပ်သားပြည်သူပိုင် ဥစ္စာပစ္စည်းများကို ထိပါးခြင်းမပြုရ။
၄ ဘာသာရေးအဆောက်အအုံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို လေးစားတန်ဖိုးထားရမည်။
၅ လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ဥပဒေများကိုဖောက်ဖျက် ကျူးလွန်ခြင်းမပြုရ။
၆ ခေါင်းဆောင်များသည် ဝံ့မှုနာပြုခေါင်းဆောင်မှုကိုပြသ၍ လက်အောက်ငယ်သားများအပေါ် ကျောသားရင်သား မခွဲခြားဘဲ တရားမျှတစွာကွပ်ကဲအုပ်ချုပ်ရမည်။
၇ အထက်ကွပ်ကဲမှု အဆင့်ဆင့်မှ ပေးအပ်သောအမိန့်နှင့် တာဝန်များကို လေးစား လိုက်နာရမည်။
၈ တပ်ပေါ်ရဲဘော်အချင်းချင်း ရဲဘော်ရဲဘက်စိတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်။
၉ လူမျိုး၊ ဘာသာ၊ ကျားမ၊ လိင်စိတ်ခံယူချက် ကွဲပြားမှုပေါ် မူတည်၍ ခွဲခြားဆက်ဆံခြင်းမပြုရ။
၁၀ မူးယစ်ဆေးဝါး သုံးစွဲခြင်းမပြုရ။
၁၁ လူမှုရေး ရှုပ်ထွေးခြင်းမပြုရ။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊
ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) စစ်ရုံးချုပ်မှ ထုတ်ဝေသည့်

**ကာကွယ်ရေးစာစဉ်**

တစ် လ တစ် ကြိမ် ထုတ် ဝေ သည်။

နှင့်

**စစ်သတင်းလွှာ**

တစ် ပတ် တစ် ကြိမ် ထုတ် ဝေ သည်။

များတွင် ထည့်သွင်းဖော်ပြနိုင်ရန်
စာမူများကို အောက်ပါ Signal / Telegram နံပါတ်များသို့ ပေးပို့နိုင်ပါသည်။

■

Signal username - arkarmoemyint054.86

Telegram - @moremyintkyaw

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊
ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) စစ်ရုံးချုပ်မှ
တစ်လတစ်ကြိမ် ထုတ်ဝေသည်။